ရောင်းမှု

The Mirror Daily

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

e – paper ဖတ်ရှုရန်

ကောင်းမှုအနည်းငယ်ပြုဖန်များသော် ကောင်းမှုနှင့်ပြည့်

ငါ၏ အနည်းငယ်မျှသော ကောင်းမှုသည် ငါ့အား အကျိုးမပေးလတ္တံ့ဟု ကောင်းမှုကို မထီမဲ့မြင် မမှတ်ရာ၊ မိုးပေါက်ကျဖန်များသော် ရေအိုးကြီးပင် ပြည့်လေသကဲ့သို့ ကောင်းမှုကို အနည်းငယ် အနည်းငယ်ပြုဖန်များသော် ပညာရှိသည် ကောင်းမှုနှင့် ပြည့်လေ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 23 September 2026 ၁၂၃၁၀



မတ္တရာမြို့နယ်၌ လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့သော ကျေးရွာများ ဓာတ်အားပြန်လည်ရရှိရေး ဆောင်ရွက်လျက်ရှိ

မတ္တရာ စက်တင်ဘာ ၂၂

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်ရှိ ကျေးရွာများတွင် အကြောင်းအမျိုးမျိုးကြောင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့သော ကျေးရွာများရှိ ဓာတ်အားသုံးစွဲသူများ အမြန်ဆုံးဓာတ်အားပြန်လည်ရရှိရေးအတွက် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း မတ္တရာမြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ တာဝန်ရှိသူများနှင့် ကျွမ်းကျင် ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မတ္တရာမြို့ ဓာတ်အားခွဲရုံမှ ဓာတ်အားပေးပို့လျက်ရှိသည့် ဝါးရင်းတုတ်ကျေးရွာရှိ ၁၁/၀.၄ ကေဗွီ (၂၀၀) ကေဗွီအေ လျှပ်စစ်ထရန်စဖော်မာတို့ကို လျှပ်စစ်ဓာတ်အားပေးနိုင်ရေး လုပ်ငန်းများဆောင်ရွက်ပြီးစီးသည့်အတွက် စက်တင်ဘာ ၂၁ ရက်က အဆိုပါကျေးရွာရှိ

စာမျက်နှာ ၃ ကော်လံ ၆ သို့ ✻

ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၇၇)နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်

ရန်ကုန် စက်တင်ဘာ ၂၂

တရုတ်ပြည်သူ့သမ္မတ နိုင်ငံ တည်ထောင်သည့် (၇၇)နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့် မြို့နယ်ရှိ Wyndham Grand Hotel ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်သည်။

အခမ်းအနားသို့ အမျိုးသား လွှတ်တော် ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ ဦးသန်းမောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တပ်မတော်အဆင့်မြင့်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ၎င်းတို့၏ ဇနီးများ၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❁



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားနှင့် အခမ်းအနားတက်ရောက်လာကြသူများ ခင်းကျင်းပြသထားသည့် မြန်မာ-တရုတ် ချစ်ကြည်ရေးအထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

၂၂ - ၉- ၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၂၂:၃၀ နာရီအချိန် တိုင်းထွာချက်အရ မုန်တိုင်းငယ်လမ်းကြောင်းပြမြေပုံ



အားကောင်းသော မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွှေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်

နေပြည်တော် စက်တင်ဘာ ၂၂

အားကောင်းသောမုန်တိုင်းငယ်အခြေအနေ

ယနေ့ည ၁၀ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ရွှေ့လျားခဲ့ပြီး ပိုမိုအားကောင်းလာကာ

စာမျက်နှာ ၃ ကော်လံ ၁

(၂၃)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲ ဖွင့်ပွဲနှင့် တရုတ်(ကွမ်ရှီး)-အာဆီယံ စိုက်ပျိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ပူးပေါင်းဆောင်ရွက်မှု ကွန်ဖရင့်ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၂

တရုတ်-အာဆီယံကုန်စည်ပြပွဲ (China-ASEAN Expo)၏ ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာ ပလက်ဖောင်းကို အပြည့်အဝအသုံးချ၍ စိုက်ပျိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းစွာ ဆောင်ရွက်ရန်နှင့် ဒေသတွင်း စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန် ရည်ရွယ်၍ တရုတ်နိုင်ငံ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်သူ့အစိုးရက (China (Guangxi)-ASEAN Agricultural and Poverty Reduction Cooperation Conference) တရုတ်(ကွမ်ရှီး)-အာဆီယံ စိုက်ပျိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ပူးပေါင်းဆောင်ရွက်မှုကွန်ဖရင့်ကို

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻



(၂၃)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲတွင် ကြည့်ရှုလေ့လာကြသူများကို တွေ့ရစဉ်။

ယနေ့ ဖတ်စရာ

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပ
စာမျက်နှာ » ၄

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး ပထမနေ့ကျင်းပ
စာမျက်နှာ » ၆

နိုင်ငံသား ကောင်းမှ နိုင်ငံကောင်းမည်
ဆောင်းပါး
စာမျက်နှာ » ၁၀

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် တန်ဖိုးကွင်းဆက်တစ်ခုလုံးဖွံ့ဖြိုးရေး

"လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံထုတ်ကုန်တိုးတက်မှုသို့" အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာလ ၂၁ ရက်နေ့က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1) ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားခဲ့ရာတွင် "လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ထုတ်လုပ်မှု - ကုန်ကြမ်း - ပြုပြင်ထုတ်လုပ်မှု - တန်ဖိုးမြှင့်ထုတ်ကုန် - စက်မှုလုပ်ငန်း - ပြည်တွင်းစားသုံးမှု - ပြည်ပပို့ကုန်ဆိုသည့် တန်ဖိုးကွင်းဆက်တစ်ခုလုံးကို တစ်ဆက်တည်းစဉ်းစားပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း" ပြောကြားခဲ့သည်။

မြန်မာနိုင်ငံအတွက် လယ်ယာကဏ္ဍသည် စားရေရိက္ခာဖူလုံရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အခြေခံအကျဆုံးကဏ္ဍတစ်ရပ်ဖြစ်သည်။ လယ်ယာကဏ္ဍသည် စားရေရိက္ခာထုတ်လုပ်ပေးသည့် ကဏ္ဍတစ်ခုသာမက စက်မှုလုပ်ငန်းများအတွက် လိုအပ်သည့်ကုန်ကြမ်းများကို ပံ့ပိုးနိုင်သည့်ကဏ္ဍလည်းဖြစ်သည်။ ထို့ကြောင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို စိုက်ပျိုးထုတ်လုပ်မှုပမာဏ တိုးမြှင့်ရေးအဖြစ် သာမရှုမြင်ဘဲ လယ်ယာထွက်ကုန်မှ ကုန်ကြမ်း၊ ကုန်ကြမ်းမှတန်ဖိုးမြှင့်ထုတ်ကုန်၊ တန်ဖိုးမြှင့်ထုတ်ကုန်မှ စက်မှုလုပ်ငန်း၊ စက်မှုလုပ်ငန်းမှ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပ ပို့ကုန်စျေးကွက်အထိ တန်ဖိုးကွင်းဆက်တစ်လျှောက် ချိတ်ဆက်ပြီး နိုင်ငံထုတ်ကုန် တိုးတက်လာစေရေးကို ရည်မှန်းသည့် မူဝါဒဦးတည်ချက်တစ်ရပ်အဖြစ် ဆောင်ရွက်ရမည်ဖြစ်သည်။

ယနေ့ကမ္ဘာတွင် နိုင်ငံများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရာတွင် ကဏ္ဍတစ်ခုချင်းစီကို သီးခြားခွဲပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရုံဖြင့် မလုံလောက်တော့ပေ။ လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ ဘဏ္ဍာရေးကဏ္ဍ၊ နည်းပညာကဏ္ဍနှင့် ဈေးကွက်ရရှိရေးကဏ္ဍတို့အကြား အပြန်အလှန်ချိတ်ဆက်မှုကို ခိုင်မာအောင်တည်ဆောက်ပြီး ယခင်တန်ဖိုးထက် ပိုမိုမြင့်မားလာအောင် ကြိုးပမ်းဆောင်ရွက်နေကြသည်။ ထို့ကြောင့် အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲတွင် "လယ်ယာထွက်ကုန် မည်မျှပို့ထွက်အောင်လုပ်မလဲ" မေးခွန်းတစ်ခုတည်းမဟုတ်ဘဲ "ထွက်ရှိလာသည့်လယ်ယာထွက်ကုန်များ၏ တန်ဖိုးကို မည်ကဲ့သို့မြှင့်တင်ပြီး နိုင်ငံထုတ်ကုန်အဖြစ် မည်သို့ပြောင်းလဲမည်လဲ" ဟူသည့်အချက်ကို နိုင်ငံတော်သမ္မတက သုံးသပ်ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး ယင်းတို့အနက် အလုပ်လုပ်သူများ၏ ၅၀ ရာခိုင်နှုန်းကျော်သည် လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများကိုအခြေခံသည့် လုပ်ငန်းများတွင် အလုပ်လုပ်ကိုင်နေကြသူများဖြစ်သည်။ လူဦးရေ၏ ၃၀ ရာခိုင်နှုန်းခန့်သည် ဆင်းရဲနွမ်းပါးကဏ္ဍတွင် ရှိနေသောကြောင့် ကျေးလက်နေပြည်သူများ ဝင်ငွေတိုးတက်ရေးသည် အရေးကြီးသည့်အချက်ဖြစ်သည်။ မိရိုးဖလာလုပ်ကိုင်နေသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျပြောင်းလဲဆောင်ရွက်ပြီး ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ တန်ဖိုးမြှင့်ထုတ်ကုန်များရရှိရေး ဆောင်ရွက်မှသာ တောင်သူများ ဝင်ငွေတိုးတက်ရရှိလာပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာခြင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုအားကောင်းလာခြင်း၊ ပို့ကုန်တိုးတက်လာခြင်းမှသည် နိုင်ငံထုတ်ကုန်နှင့် နိုင်ငံစီးပွားတိုးတက်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် မဟာဗျူဟာအရ အချက်အချာကျသည့်အပြင် ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံကြီး နှစ်နိုင်ငံအကြားတွင် တည်ရှိပြီး ကမ္ဘာ့လူဦးရေ ထက်ဝက်ခန့်နေထိုင်သည့် စက်ဝန်းအတွင်း တည်ရှိသောကြောင့် ဒေသတွင်းနိုင်ငံများအပါအဝင် ကမ္ဘာ့စားနပ်ရိက္ခာဈေးကွက်ကြီးများသို့ လယ်ယာနှင့် မွေးမြူရေးထွက်ကုန်များကို တိုးမြှင့်ထုတ်လုပ်ပြီး တင်ပို့နိုင်သည့် အလားအလာကောင်းများရှိနေသည်။ ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံသုံးနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့်အပြင် ရာသီဥတုနှင့်မြေဆီလွှာကောင်းမွန်မှု၊ ကျယ်ပြန့်သည့်စိုက်ပျိုးမြေများ၊ ရှည်လျားသည့် ကမ်းရိုးတန်းနှင့် သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝမှုတို့သည် မြန်မာနိုင်ငံ၏ အားသာချက်များဖြစ်သည်။ အဆိုပါ သဘာဝအားသာချက်များကို ထိရောက်စွာအသုံးချပြီး ပြည်တွင်းစားရေရိက္ခာဖူလုံရေးအပြင် အရည်အသွေးမြင့် လယ်ယာထွက်ကုန်များထုတ်လုပ်ကာ ဒေသတွင်းနှင့် ကမ္ဘာ့ဈေးကွက်ကို ထိုးဖောက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို စိုက်ပျိုးထုတ်လုပ်မှုပမာဏ တိုးမြှင့်ရေးအဖြစ်သာ မရှုမြင်ဘဲ ထွက်ရှိလာသည့် လယ်ယာထွက်ကုန်များ၏တန်ဖိုးကို မည်ကဲ့သို့မြှင့်တင်ပြီး နိုင်ငံထုတ်ကုန်အဖြစ် မည်ကဲ့သို့ပြောင်းလဲထုတ်လုပ်မည်ဟူသည့်အချက်အား လယ်ယာကဏ္ဍ တန်ဖိုးကွင်းဆက်တစ်ခုလုံးကို တစ်ဆက်တည်း စဉ်းစားပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။



၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဇော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

၂၂ - ၉ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၅၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၂၂ - ၉ - ၂၀၂၆

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အဝိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၉,၀၀၀	၁၈,၅၀၀	၂၃၁	၄,၃၇၅,၀၀၀
MTSH	၈,၆၀၀	၈,၇၀၀	၁၁	၉၄,၇၀၀
MCB	၁၂,၀၀၀	၁၃,၀၀၀	၇၂	၈၆၂,၅၀၀
FPB	၆,၈၀၀	၇,၀၀၀	၆၅၈	၄,၅၈၆,၅၀၀
TMH	၃,၃၀၀	၃,၃၅၀	၁၁၅	၃၈၀,၀၀၀
EFR	၁,၈၅၀	၁,၈၅၀	၂,၀၇၆	၃,၇၄၀,၅၅၀
AMATA	၄,၄၀၀	၄,၅၀၀	၃၃	၁၄၅,၅၀၀
MAEX	၆,၅၀၀	၆,၅၀၀	၁	၆.၅၀၀
MADPL(PLB)	၆,၄၀၀	၆,၄၀၀	၁၄၃	၉၁၅,၂၀၀
ASPGB(PLB)	၆,၂၀၀	၆,၁၀၀	၂.၀၇၁	၁၂,၇၇၉,၄၀၀

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဌ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မိုမိုအောင်၊ ခင်မျိုးနိုင်၊ မာဓာစိုး၊ နိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နိုလာစိုးနှင်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၇၇)နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

❁ ရှေ့ပုံးမှ

ပြည်သူ့လွတ်တော်နှင့် အမျိုးသားလွတ်တော်တို့မှ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စမာကျား၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံဗျူဟာနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယသမ္မတနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများအား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျား၊ စစ်သံဗျူဟာနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ခင်းကျင်းပြသထားသည့် မြန်မာ-တရုတ် ချစ်ကြည်ရေးအထိမ်းအမှတ် ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ နိုင်ငံတော်သီချင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်သီချင်းတို့ ဖြင့် အခမ်းအနားကိုဖွင့်လှစ်ပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတက မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် နယ်နိမိတ်ချင်း ရှည်လျားစွာ ထိစပ်နေသည့် အိမ်နီးချင်း ကောင်း မိတ်ဆွေနိုင်ငံများ ဖြစ်ကြကြောင်း၊ ခေတ်အဆက်ဆက်တွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ် နှင့်အညီ အပြန်အလှန်လေးစားမှု၊ နားလည်မှုနှင့် စစ်မှန်သည့် အိမ်နီးချင်း ကောင်းပီသမှုတို့ကို အခြေခံပြီး နီးကပ်သည့် ပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဖက်ဆက်ဆံမှုကို ပိုမိုတိုးတက်ခိုင်မာအောင် ကြိုးပမ်း ဆောင်ရွက်နိုင်ခဲ့ကြကြောင်း၊ နှစ်နိုင်ငံအကြား "ဆွေမျိုးပေါက်ဖော်" ချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီး လိုအပ်ချိန်တိုင်းတွင် အပြန်အလှန်ကူညီပံ့ပိုးရပ်တည်ပေးနေသည့် နိုင်ငံများလည်း ဖြစ်ကြကြောင်း။

ထို့ပြင် ကဏ္ဍအသီးသီးတွင် ဘက်စုံပူးပေါင်းဆောင်ရွက်မှုကို ပိုမိုနက်ရှိုင်းစေပြီး အပြန်အလှန်နားလည်မှုကို မြှင့်တင်ပေးနိုင်ခဲ့ကြောင်း၊ နှစ်နိုင်ငံအကြား မဟာဗျူဟာကျသည့် ဘက်စုံပူးပေါင်းဆောင်ရွက်မှုများ အထူးသဖြင့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းအောက်တွင် ရှိသည့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်နိုင်ခဲ့ကြောင်း၊ လာမည့်ကာလများတွင် နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု သာမက ယဉ်ကျေးမှုနှင့် ပညာရေး အစရှိသည့် ပြည်သူအချင်းချင်း ခိုင်ဆက်မှုများကိုလည်း ပိုမိုတိုးမြှင့်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

တရုတ်နိုင်ငံအစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုများတွင် ဆက်လက်ပံ့ပိုးကူညီပေးနေမှုများနှင့်အတူ ယင်းတွင်းနှင့် နိုင်ငံတကာ စင်မြင့်များတွင် အထူးသဖြင့် အာဆီယံနှင့် ကုလသမဂ္ဂတို့တွင် မြန်မာနိုင်ငံဘက်မှ အပြုသဘော ထောက်ခံကူညီပေးနေမှုများအတွက်လည်း များစွာတန်ဖိုးထားပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၇၇) နှစ်မြောက် နှစ်ပတ်လည် အခါသမယတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သာယာဝပြောပါစေကြောင်း နှင့် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု ထာဝရ တည်တံ့ပါစေကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် တရုတ်နိုင်ငံသံအမတ်ကြီးတို့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၇၇) နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ် ကိတ်မုန့်ကို လှီးဖြတ်ပေးကြပြီး တက်ရောက်လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အတူညစာကိုအတူတကွသုံးဆောင်သည်။ ညစာသုံးဆောင်နေစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်မှ အနုပညာအဖွဲ့နှင့် သံရုံးမှ ဝန်ထမ်းများက ရိုးရာယဉ်ကျေးမှု အကအလှများ၊ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြကြောင်း သိရသည်။

သတင်းစဉ်



❍ အားကောင်းသောမုန်တိုင်းငယ်မှ

အားကောင်းသောမုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့ပြီး မြန်မာနိုင်ငံ ကျောက်ဖြူမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၄၇၀ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့၏ အရှေ့ဘက် ရေမိုင် ၁၂၀ မိုင်ခန့်နှင့် ဂိုလ်ပါယူမြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၈၀ မိုင် ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အားကောင်းသောမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင် အဆင့်ဟု သတ်မှတ်သည်။

အားကောင်းသောမုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် ည ၁၀ နာရီခွဲတွင် မြောက်လတ္တီကျူ ၁၈.၀ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၅.၄ ဒီဂရီတွင်ရှိပြီး ဗဟိုချက် လေဖိအား ၉၉၆ ဟက်တိုပါစကယ်နှင့် အဖြင့်ဆုံးလေတိုက် နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ နှုန်းခန့်ဖြစ်သည်။

နောက် ၃၆ နာရီအတွင်းခန့်မှန်းချက်

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် မြောက်ပိုင်း-ဩရိသပြည်နယ် တောင်ပိုင်းကမ်းခြေတို့ကို ဗီဆာကာပတ္တနမ်မြို့နှင့် ဂိုလ်ပါယူမြို့တို့အကြား၌ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

သတိပေးရှိုးဆော်ချက်

အားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့ည မတ်တင်ဘာ ၂၅ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် နေရာ စိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် လေပြင်းတိုက်ခတ်ခြင်း၊ မုန်တိုင်းအရှိန်အဝါ ရေနက်ပိုင်းဒေသများတွင် ပင်လယ်ပြင်ထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သဘော်များအနေဖြင့်လည်း ကြိုတင်သတိပြု ရှောင်ရှားနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/၈လ

❋ (၂၃) ကြိမ်မြောက်မှ

စက်တင်ဘာ ၁၇ ရက်မှ ၁၈ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရီးကျွန်မှကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။

အဆိုပါအစည်းအဝေးတွင် ခေတ်မီစည်းပညာသုံးစိုက်ပျိုးရေး (Smart Agriculture)၊ ဒီဂျစ်တယ်စီးပွားရေး (Digital Economy) နှင့် ဆင်းရဲခွန်းပါးမှုလျော့ချရေး (Poverty Alleviation) စသည့် ကဏ္ဍများကို အဓိကထားဆွေးနွေးခဲ့ပြီး အဆင့်မြင့်ဆွေးနွေးပွဲများ (High-Level Dialogues) ကို ထည့်သွင်းကျင်းပခဲ့ကြောင်း သိရသည်။

တရုတ်(ကွမ်ရီး)-အာဆီယံ စိုက်ပျိုးရေးနှင့် ဆင်းရဲခွန်းပါးမှုလျော့ချရေး ပူးပေါင်းဆောင်ရွက်မှုကွန်ဖရင့်သို့ တက်ရောက်ရန် နန်နင်းမြို့၌ရောက်ရှိနေသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၇ ရက် နံနက် ၉ နာရီတွင် (၂၃)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲဖွင့်ပွဲသို့ အာဆီယံအဖွဲ့ဝင်ခုနစ်နိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတို့မှ ကိုယ်စားလှယ်များနှင့် အတူ တက်ရောက်သည်။

ညနေပိုင်းတွင် တရုတ်(ကွမ်ရီး) - အာဆီယံ စိုက်ပျိုးရေးနှင့် ဆင်းရဲခွန်းပါးမှုလျော့ချရေး ပူးပေါင်းဆောင်ရွက်မှုကွန်ဖရင့် ဖွင့်ပွဲတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ ဒုတိယဝန်ကြီးဒေါက်တာရဲတင့်ထွန်းက အမှာစကားပြောကြားပြီး တရုတ်(ကွမ်ရီး)-အာဆီယံစိုက်ပျိုးရေးနှင့် ဆင်းရဲခွန်းပါးမှုလျော့ချရေး ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများအတွက် သဘောတူညီမှု လက်မှတ်ရေးထိုးပွဲ၌ အသိသက်သေအဖြစ် မှတ်တမ်းတင်ပါဝင်၍ ခေတ်မီစည်းပညာသုံးစိုက်ပျိုးရေးနှင့် ဆင်းရဲခွန်းပါးမှုလျော့ချရေး ပူးပေါင်းဆောင်ရွက်မှုကိုဖော်ဆောင်၍ အရည်အသွေးမြင့် ထုတ်လုပ်မှုစွမ်းအားများ ဖွံ့ဖြိုးတိုးတက်ရေးကို ပူးပေါင်းဖြင့်တင်ခြင်း စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။

စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် (၂၃)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲကို ကြည့်ရှုလေ့လာပြီး JJR Science and Technology Group Co., Ltd. သို့ သွားရောက်၍ ဂြိုဟ်တုအသုံးပြု အဝေးထိန်းချုပ်သည့် နည်းပညာဖြင့် ရေပေးသွင်းခြင်း၊ ဓာတ်မြေဩဇာရည်များ ထည့်သွင်းခြင်း၊ AI ရုပ်ပုံကားချပ်ဖြင့် ဆန်းစစ်ခြင်း၊ စုစည်းထားသော တိကျမှန်ကန်သည့် ယခင်မိုးလေဝသကိန်းဂဏန်းအချက်များနှင့် ယခုကိန်းဂဏန်းအချက်အလက်များကို နှိုင်းယှဉ်လေ့လာခြင်း၊ သီးနှံကြီးထွားမှုနှင့် ဖျက်ပိုးကျရောက်မှုများကို စောင့်ကြည့်လေ့လာ၍ သတိပေးခြင်း၊ တိကျမှန်ကန်သည့် ကိန်းဂဏန်းအချက်အလက်များဖြင့် စနစ်ကျသော စိုက်ပျိုးထုတ်လုပ်ရေး လုပ်ငန်းများတွင် ဝန်ဆောင်မှုပေးခြင်းနှင့် အွန်လိုင်းမှသစ်သီး ဝလံများ ကုန်သွယ်ခြင်းဆောင်ရွက်နေမှုနှင့် JJR Science and Technology Group Co., Ltd. ၏ AI နည်းပညာအသုံးပြု ဘလူးဘယ်ရီ(Blueberry) စိုက်ခင်းတို့ကို ကြည့်ရှုလေ့လာသည်။

စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် Guangxi Aquatic and Animal Husbandry School သို့သွားရောက်၍ ငါးမွေးမြူရေးနည်းပညာ၊ ငါးမျိုးစိတ်များမျိုးပွားထုတ်လုပ်ခြင်း၊ ရေထွက်သတ္တဝါများ၏ ရောဂါကာကွယ်/ကုသရေး၊ အစာနှင့် အာဟာရစီမံခန့်ခွဲမှု၊ ရေအရည်အသွေးစီမံခန့်ခွဲမှု၊ ရေထွက်ပစ္စည်းထုတ်လုပ်မှုနှင့် စီးပွားရေးလုပ်ငန်းများ၊ နွားပေ၊ ဝက်၊ ကြက် စသည့်မွေးမြူရေးတိရစ္ဆာန်များ မွေးမြူထုတ်လုပ်ခြင်း၊ တိရစ္ဆာန်အာဟာရနှင့် အစာကျွေးစနစ်၊ မျိုးပွားရေးနှင့် မျိုးကောင်းမျိုးသန့် ထုတ်လုပ်ရေး၊ တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ရေး၊ မွေးမြူရေးခြံစီမံခန့်ခွဲမှု၊ တိရစ္ဆာန်ထွက်ကုန်များ ထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေးထွက်ကုန်များ အရည်အသွေးထိန်းသိမ်းခြင်း၊ အအေးခန်း/ Cold Chain၊ သစ်သီး၊ ဟင်းသီးဟင်းရွက်၊ ဆန်/ဆီ ထွက်ကုန်၊ မွေးမြူရေးထွက်ကုန်များ ပြုပြင်ထုတ်လုပ်ခြင်း၊ Quality Control နှင့် Food Safety တို့ကိုလေ့လာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❋ မတ္တရာမြို့နယ်မှ

မီးသုံးသူ အိမ်ထောင်စု ၁၁၃ အိမ်သို့ လျှပ်စစ်ဓာတ်အား များ ပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်သည်။

မြို့နယ်လျှပ်စစ်မန်နေဂျာ ရုံးအနေဖြင့် လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိရေး ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၂၅ ရက်မှ စက်တင်ဘာ ၂၁ ရက် အထိ ကျေးရွာပေါင်း ၂၀ တွင် လျှပ်စစ်မီး ပြန်လည်ရရှိပြီဖြစ်ကြောင်း သိရသည်။

ရွှေရာသား

လျှပ်စစ်သုံးလျှင် သတိယှဉ်
ဝန်အားမမျှ မသုံးရ

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၂

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရေ ၃၅၁ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေး သို့ ၃၃၅ ဦး တက်ရောက်သဖြင့် တက်ရောက်မှုရာခိုင်နှုန်း ၉၅ ဒသမ ၄၄ ရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပြီး အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ အတည်ပြုမှတ်တမ်းတင်သည်။



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။

ဦးစွာ ဘိုကလေးမဲဆန္ဒနယ်မှ ဦးစန်းမောင်၏ **ဧရာဝတီတိုင်းဒေသကြီး၌ ဓာတ်မြေသြဇာစက်ရုံကို မည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးနိုင်မည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်တွင် ဓာတ်မြေသြဇာစက်ရုံ တည်ဆောက်ရန်ကိစ္စနှင့် စပ်လျဉ်း၍ အရည်အသွေး ပြည့်မီသော သဘာဝဓာတ်ငွေ့ရရှိနိုင်မှုအခြေအနေနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ချိတ်ဆက်နိုင်မှု အခြေအနေများအရ လတ်တလောတွင် တည်ဆောက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း၊ ပြည်တွင်းမှ သဘာဝဓာတ်ငွေ့များ တိုးမြင့်ရရှိလာမှုနှင့်အတူ သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ တည်ဆောက်ပြီးစီးပါက နယ်မြေဒေသ၏လိုအပ်ချက်နှင့် ဈေးကွက်ဖြစ်ထွန်းမှုအခြေအနေအလိုက်ဓာတ်မြေသြဇာစက်ရုံ အသစ်များ တည်ဆောက်ခြင်းကို ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လပွတ္တာမဲဆန္ဒနယ်မှ ဦးဝင်းဆွေ(ခ) ဦးဝင်းရွှေ၏ **လပွတ္တာမြို့နယ်အတွင်းရှိ လယ်ယာလုပ်ငန်းခွင်များနှင့် ရေယာဉ်များတွင် အသုံးပြုရန်အတွက် စက်သုံးဆီအား လွယ်ကူအဆင်ပြေစွာ ဝယ်ယူသုံးစွဲနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် လပွတ္တာမြို့နယ် အပါအဝင် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ လယ်ယာ လုပ်ငန်းခွင်များနှင့် ရေယာဉ်များတွင် အသုံးပြုရန်အတွက် စက်သုံးဆီအား လွယ်ကူအဆင်ပြေစွာ ဝယ်ယူသုံးစွဲနိုင်ရေး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန နှင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့တို့အနေဖြင့် ဆောင်ရွက်ထားရှိပြီး ဖြစ်ပါကြောင်းနှင့် လိုအပ်ချက်နှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မူဆယ်မဲဆန္ဒနယ်မှ ဦးအောင်ဇော်မိုး(ခ) အောင်ဇော်မိုးထွန်း၏ **မူဆယ်မြို့တွင် စက်သုံးဆီဈေးနှုန်း သက်သာစွာဖြင့် ဝယ်ယူအသုံးပြုနိုင်ရန်အတွက် စက်သုံးဆီကို တရုတ်နိုင်ငံမှ တင်သွင်းနိုင်ရေး သွင်းကုန်လိုင်စင်အား မည်သည့်အချိန်တွင် စတင်ချထားပေးမည်၊ အစီအစဉ်မရှိပါက မည်သည့်အတွက်ကြောင့် ဖြစ်သည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် မူဆယ်ကုန်သွယ်ရေး လမ်းကြောင်း၏ လက်ရှိနယ်မြေ အခြေအနေများကြောင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း စက်သုံးဆီ တင်သွင်းရန် အခက်အခဲများရှိ နေသော်လည်း ယခင်တင်သွင်းခဲ့မှု အခြေအနေအရ လည်းကောင်း၊ အခြား နယ်စပ်စခန်းများမှ တင်သွင်းနိုင်မှု အခြေအနေများ အရလည်းကောင်း စိစစ်၍ ပြန်လည် တင်သွင်းခွင့်ပြုနိုင်ရန် တင်ပြဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဓနုဖြူမဲဆန္ဒနယ်မှ ဦးနိုင်ဝင်း၏ **ဓနုဖြူမြို့နယ် ဖန်ခါးကွင်း၊ ကျွဲတလင်းနှင့် ညောင်ကုန်းကျေးရွာချင်းဆက် လမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပြုပြင်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်ရှိ ဖန်ခါးကွင်း-ကျွဲတလင်း-ညောင်ကုန်းကျေးရွာချင်းဆက် မြေသားလမ်း (၂)မိုင် (၁)ဖာလုံရှိသည့်အနက် ကျောင်းစုကျေးရွာအုပ်စုမှ ဖန်ခါးကွင်းကျေးရွာ၊ ကျွဲတလင်းကျေးရွာ၊ ညောင်ကုန်းကျေးရွာတို့၏ ရွာချင်းဆက်မြေသားလမ်းသည် အရှည် ပေ ၈၅၀၀ ရှိပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော လမ်းစာရင်းတွင် ပါဝင်ခြင်းမရှိသေးသည့်အတွက် ဌာနပိုင်လမ်းစာရင်းတွင် ထည့်သွင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အဆိုပါလမ်းမှာ အကျယ် ၁၅ပေ ခန့်သာရှိသော မြေသားလမ်း ဖြစ်သည့်အတွက် လိုအပ်သော လမ်းအကျယ် ရရှိသည်အထိ လမ်းတာပေါင်ချဲ့ခြင်း လုပ်ငန်းကို ဦးစွာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အဆိုပါလမ်းအား ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေအကန့်အသတ်အတွင်းမှ ပြင်ဆင်ပေးသွားမည်ဖြစ်ပြီး ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်ရန် ထပ်မံလိုအပ်ပါက ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ကျန်အပိုင်းများကို ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မာန်အောင် မဲဆန္ဒနယ်မှ ဦးကျော်သန်း၏ **မာန်အောင်မြို့နယ် ဆင်နားချောင်ကျေးရွာမှ ဒိုးတန်းကျေးရွာအထိ ကျန်ကျောက်ချော လမ်းအား ကွန်ကရစ်လမ်းအဖြစ် မည်သည့် ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် မာန်အောင်မြို့နယ် ဆင်နားချောင်ကျေးရွာမှ ဒိုးတန်းရွာထိ လမ်းပိုင်းသည် စုစုပေါင်းအရှည် (၆)မိုင် (၄ ဒသမ ၁၅)ဖာလုံရှိပြီး ဆင်နားချောင်ကျေးရွာမှ လက်မဲပြင်ကျေးရွာအထိလမ်းမှာ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ စီမံခန့်ခွဲသော လမ်းပိုင်းဖြစ်ပါကြောင်း။

သိမ္မလ- ဆင်နားချောင်-ကင်းတဲ- လက်မဲပြင်အထိ လမ်းအရှည်(၅)မိုင် (၀ ဒသမ ၁၅) ဖာလုံရှိရာ လက်ရှိလမ်းအခြေအနေမှာ (၁၂)ပေကွန်ကရစ်လမ်း (၁)မိုင်(၃ ဒသမ ၃၅) ဖာလုံနှင့် ကျောက်ချောလမ်း (၃)မိုင် (၄ ဒသမ ၈) ဖာလုံဖြစ်ပြီး ပျက်စီးနေသော လမ်းပိုင်း (၃)မိုင်(၂ ဒသမ ၃) ဖာလုံအား ဗြုန်းကျောက်စရစ်ခင်းပြုပြင်ခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်နယ်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေကျပ် (၃၈ ဒသမ ၇) သန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျန်ရှိလမ်းပိုင်းအနက် (၂ ဒသမ ၅) ဖာလုံကို ကွန်ကရစ်လမ်းအဖြစ် လာမည့်ဘဏ္ဍာနှစ်တွင် ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ဦးစားပေးအလိုက် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

လက်မဲပြင်-ဒိုးတန်း- နဂါးလမ်းအထိ လမ်းအရှည် (၄)မိုင် (၄) ဖာလုံရှိပြီး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော Class(B) အဆင့်လမ်းဖြစ်ပါကြောင်း၊ လက်မဲပြင်ကျေးရွာမှ ဒိုးတန်းကျေးရွာအထိ ကျောက်ချောလမ်း (၁)မိုင် (၄) ဖာလုံရှိပြီး ရာသီမရွေး သွားလာနိုင်သောလမ်းဖြစ်၍ ပြင်ဆင်ထိန်းသိမ်းရန် လိုအပ်ပါက ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေအကန့်အသက်အတွင်းမှ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

ဒိုးတန်းကျေးရွာမှ နဂါးကျေးရွာအထိ မြေသားလမ်း (၃)မိုင်ရှိပြီး ရာသီမရွေး သွားလာနိုင်သော လမ်းအဖြစ် ဆောင်ရွက်လျက်ရှိရာ မြေသားလမ်း (၃)မိုင်အနက် (၁)မိုင်အား ကျောက်ချောလမ်း ခင်းခြင်းလုပ်ငန်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် လျာထားတင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပူတာအိုမဲဆန္ဒနယ်မှ ဦးရားနီ၏ **ပူတာအိုမြို့နယ် ပန်းလှိုင်ရပ်ကွက်နှင့် ပူတောင်းကျေးရွာဆက်လမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ကချင်ပြည်နယ် ပူတာအိုမြို့နယ်ရှိ ပန်းလှိုင်- ပူတောင်း - မုဒုံလမ်းသည် စုစုပေါင်းလမ်းအရှည် (၂) မိုင် (၇) ဖာလုံရှိပြီး ပြည်နယ်မှ စီမံခန့်ခွဲသော Class(A) အဆင့် ကျောက်ချောလမ်း ဖြစ်ပါကြောင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် စုစုပေါင်းလမ်းအရှည် (၂) မိုင် (၇) ဖာလုံအနက် (၄)ဖာလုံ ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို လျာထားတင်ပြသွားမည် ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးညှင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **မိုးညှင်းမြို့နယ် မိုးညှင်း-ညောင်ကိုင်း- ကာတူလမ်းပေါ်တွင် သံကူကွန်ကရစ် နန့်ရင်းချောင်းကူးတံတား တစ်စင်းအား မည်သည့် ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးနိုင်မည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက မိုးညှင်းမြို့နယ် မိုးညှင်း-ကာတူ-ညောင်ကိုင်း လမ်းပေါ်တွင် ဆွစ်ဇာလန်နိုင်ငံက လှူဒါန်းထားသော အရှည် (၂၁၁) ပေ၊ အကျယ် (၅) ပေရှိသံမဏိကြိုးဆိုင်းတံတား တည်ရှိပါကြောင်း၊ မိုးတွင်းကာလမှအပ ကျန်ကာလများတွင် ချောင်းအတွင်းမှ ယာဉ်များ သွားလာနိုင်ပြီး ကြိုးတံတားပေါ်မှ လူနှင့် ဆိုင်ကယ်များ အန္တရာယ်ကင်းစွာ သွားလာနိုင်ပါကြောင်း။

ညောင်ကိုင်းနှင့် ကာတူကျေးရွာတို့သည် ရာသီမရွေးသွားလာနိုင်ခြင်း၊ ဆက်သွယ်ရေးပြတ်တောက်မှု မရှိခြင်း၊ အကျိုးပြုရလဒ်အနေဖြင့် ကျေးရွာ နှစ်ရွာ၊ အိမ်ခြေ ၄၆၅ အိမ်၊ လူဦးရေ ၂၄၀၀၊ စိုက်ပျိုးဧက၊ ပညာရေးအနေဖြင့် အလယ်တန်းကျောင်း နှစ်ကျောင်းရှိပြီး ကျန်းမာရေးအနေဖြင့် မိုးညှင်းမြို့သို့ ငါးမိုင်သာကွာဝေးပြီး ရာသီမရွေး သွားလာနိုင်သော ကွန်ကရစ်လမ်း၊ ကတ္တရာလမ်းမကြီးများမှတစ်ဆင့် အသုံးပြုသွားလာနိုင်ပါကြောင်း။

သို့ဖြစ်ပါ၍ အဆိုပါတံတားသည် ဒုတိယဦးစားပေးလမ်းပေါ်တွင် တည်ရှိသဖြင့် သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက် ပေးနိုင်ရန် လတ်တလော ဦးစားပေး အစီအစဉ်တွင် မပါဝင်သေးပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းကံ၏ **မိုင်းရှူးမြို့နယ်၌ အားကစားကွင်းပွဲကြည့်စင်အား မည်သည့် ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီက နိုင်ငံတော်အကြီးအကဲက ပြည်သူများ၏ ရုပ်ပိုင်း/စိတ်ပိုင်းဆိုင်ရာ တိုးတက်မြင့်မားရေးနှင့်ပတ်သက်၍ ဒေသအလိုက် အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးရန်နှင့် အားကစားကွင်းများ စနစ်တကျဖြစ်စေရေး ဆောင်ရွက်ပေးရန် လမ်းညွှန်ချက်အရ အားကစားရေးရာဝန်ကြီးဌာနအနေဖြင့် စံချိန်စံညွှန်းမီ အားကစားကွင်း၊ အားကစားရုံများနှင့် ဒေသတွင်းအားကစားပြိုင်ပွဲများ ကြည့်ရှုအားပေးနိုင်ရေးအတွက် ပွဲကြည့်စင်များကို ဖြည့်ဆည်း ဆောက်လုပ်ပေးလျက်ရှိပါကြောင်း။

ရှမ်းပြည်နယ် မိုင်းရှူးမြို့နယ်တွင် လူဦးရေ ၁၇၄၆၄၀ ရှိပြီး မြေဧရိယာ ၄ ဒသမ ၆၅ ဧကရှိ မိုင်းရှူးမြို့နယ် အားကစားကွင်းမှာ နှစ်(၃၀)မြေဂရန် ရရှိထားပြီး ဖြစ်ပါကြောင်း၊ အဆိုပါအားကစားကွင်းအတွင်း (အလျား ပေ ၁၃၀၊ အနံ ပေ ၃၀)ရှိ ကွန်ကရစ်ပွဲကြည့်စင်နှစ်ထပ် တည်ဆောက်ရန်အတွက် ခန့်မှန်းကုန်ကျငွေကျပ်သန်း ၁၁၇၀ အား အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်၏ ပြည်ထောင်စုငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေစာရင်းတွင် ထည့်သွင်းလျာထားတင်ပြ တောင်းခံပေးသွားမည် ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးကောင်း မဲဆန္ဒနယ်မှ ဦးထွန်းထွန်းအောင်၏ **မိုးကောင်းမြို့ မြို့နယ်အားကစားကွင်း မိုးလုံလေလုံ အားကစားခန်းမ အောက်ခင်းကြမ်းပြင် ပြုပြင်ပေးရန်နှင့် ဘောလုံးကွင်းပွဲကြည့်စင် တစ်ခု ထပ်မံဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးညီညီက ကချင်ပြည်နယ် မိုးကောင်းမြို့နယ် အားကစားကွင်း မိုးလုံလေလုံ အားကစားခန်းမ၏ ပျက်စီးနေသော အောက်ကြမ်းခင်း ပြုပြင်နိုင်ရေးအတွက် ခန့်မှန်းကုန်ကျငွေကျပ် သန်း ၅၄၀ နှင့် အထူးတန်း ပွဲကြည့်စင်၏ ဘယ်ဘက်တွင် ရိုးရိုးတန်း ပွဲကြည့်စင် (အလျား ပေ ၈၀၊ အနံ ပေ ၃၀) တစ်ခုကို တည်ဆောက်နိုင်ရန်အတွက် ခန့်မှန်းကုန်ကျငွေကျပ် ၅၆၄ သန်း စုစုပေါင်းခန့်မှန်းကုန်ကျငွေကျပ် ၁၁၀၄ သန်းတို့အား အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်၏ ကချင်ပြည်နယ် အားကစားနှင့်

စာမျက်နှာ ၅ သို့ ☆

☆ စာမျက်နှာ ၄ မှ

ကာယပညာဦးစီးဌာန ငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုရန်ပုံငွေ စာရင်းတွင် ထည့်သွင်းလျာထားနိုင်ရေးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့ထံ တင်ပြခွင့်ပြုချက်ရယူ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

တနိုင်းမဲဆန္ဒနယ်မှ ဦးမြင့်ကိုအိ၏ **တနိုင်းမြို့နယ် ကင်ဆားရပ်ကွက် ပြည်သူ့အားကစားကွင်း၌ဘောလုံးကွင်းပတ်လမ်း၊ ပွဲကြည့်စင်၊ လူငယ်လေ့ကျင့်ရေး ဘောလုံးကွင်းနှင့် ဖူဆယ်ဘောလုံးကွင်းရုံတို့ကို တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးညီညီက အားကစားရေးရာ ဝန်ကြီးဌာန အနေဖြင့် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်တွင် အားကစားနှင့် ကာယပညာသိပ္ပံကျောင်း တည်ဆောက်ထားခြင်း မရှိသေးသည့်အတွက် ဖွင့်လှစ်နိုင်ရန် ပထမဦးစားပေး မြေနေရာနှင့် ဒုတိယဦးစားပေး မြေနေရာများကို လျာထားခဲ့ပါကြောင်း။

အဆိုပါ လျာထားမြေနေရာ နှစ်ခုအနက် ပထမဦးစားပေး မြေနေရာအား အားကစားရေးရာ ဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနပိုင် မြေပိုင် ဆိုင်မှုရှိစေရေးအတွက် ဆောင်ရွက်ခဲ့ရာ နိုင်ငံတော်သမ္မတရုံးမှ လုပ်ထုံးလုပ်နည်းနှင့် အညီ ဆက်လက်ဆောင်ရွက်ခွင့် ရရှိခဲ့ပြီး အားကစားရေးရာဝန်ကြီးဌာန ပိုင် အခမဲ့မြေလွှဲမိန့် ရရှိရေးအတွက် တစ်နှစ်အတွင်း ရေးဆွဲထားသော မြေစာရင်းပုံစံ(၁၀၅/၁၀၆) လိုအပ်သည့်အတွက် ရေးဆွဲ၍ မြို့နယ် မြေစာရင်းဦးစီးဌာနသို့ တင်ပြ ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ မကွေးမြို့နယ် သပြေစမ်း ကျေးရွာအုပ်စု ကွင်းအမှတ် (၁၆၇၀-ဂ) အကွက် အမည် (တာလမ်းတောင်ကွင်း) မြေဧရိယာ ၅၂ ဒသမ ၀၉ ဧကအား အားကစားရေးရာ ဝန်ကြီးဌာနပိုင် အခမဲ့မြေလွှဲမိန့် ရရှိပြီးပါက အားကစားနှင့် ကာယပညာသိပ္ပံကျောင်း တည်ဆောက်နိုင်ရေး အတွက် နီးစပ်ရာဘဏ္ဍာရေးနှစ်၏ ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေစာရင်း တွင် လျာထားတင်ပြတောင်းခံ ပေးသွားမည် ဖြစ်ပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လက်ပံတန်း မဲဆန္ဒနယ်မှ ဦးကျော်သူရ၏ **လက်ပံတန်းမြို့နယ် အုန်းကုန်းရွာတွင် မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုကာကွယ်ထိန်းသိမ်းရေးအတွက် စီမံချက်များအား လာမည့် ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း** နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းလူက လက်ပံတန်းမြို့နယ် ကွမ်းသီးတပင် ကျေးရွာအုပ်စု အုန်းကုန်းရွာအနီး ကမ်းပြိုကမ်းစားမှု ကာကွယ်နိုင်ရေး အတွက် ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်တို့တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ရေလမ်းကြောင်း ပြောင်းလဲမှုအရ ဆက်လက် ဆောင်ရွက်ရန် ကျန်ရှိသည့် လုပ်ငန်းများအတွက် ကွင်းဆင်း တိုင်းတာ စစ်ဆေးပေးသွားမည် ဖြစ်ပါကြောင်း၊ ကွင်းဆင်း တိုင်းတာ စစ်ဆေးချက်အပေါ် မူတည်၍ ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေတွင် လျာထားနိုင်ရေး တင်ပြ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိပါက ဆက်လက် ဆောင်ရွက်ပေးသွား မည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားသည်။

သရက်ချောင်း မဲဆန္ဒနယ်မှ ဦးရဲထွန်းဝင်း၏ **သရက်ချောင်း မြို့နယ် ဆင်ဖြူပြင်ရပ်ကွက်ရှိ ဆင်ဖြူပြင် ဆိပ်ခံဘောတံတား အား သံကူကွန်ကရစ်တံတား အဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း** နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထွန်းလူက ဆင်ဖြူပြင်ဆိပ်ခံဘော တံတားအား သံကူကွန်ကရစ် ဆိပ်ခံတံတားအဖြစ် ပြောင်းလဲ တည်ဆောက်ရန်အတွက် နယ်မြေ လုံခြုံရေးအခြေအနေ ကောင်းမွန် လာချိန်တွင် မြေပြင်ကွင်းဆင်း စစ်ဆေး၍ ဖြစ်နိုင်ခြေလေ့လာ ဆန်းစစ်မှုဆောင်ရွက်ပြီး ရရှိလာ သည့် လေ့လာဆန်းစစ်မှုအစီရင်ခံ စာအရ တစ်ဆင့်ချင်း ဆက်လက် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါ ကြောင်း ပြန်လည်ဖြေကြားသည်။

နောင်မွန်း မဲဆန္ဒနယ်မှ ဦးရယ်ဒမ်းတန်၏ **နောင်မွန်းမြို့ ကဆန်ချောင်း ကမ်းပြိုကာကွယ် ရေးအတွက် မြေထိန်းနံရံ ထပ်မံ မြှင့်တင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထွန်းလူက ကချင်ပြည်နယ် နောင်မွန်းမြို့ ကဆန်ချောင်းအတွင်း ပျက်စီးသွားသည့် ကမ်းထိန်းနံရံ များအား ပြုပြင်ခြင်းနှင့် ဆောင်ရွက်ပြီးသော ကမ်းထိန်းနံရံ နောက်ဘက်ရှိ တိုက်စားလွယ် သော ကမ်းပါးများအား အမြင့် ၁၀ ပေအထိ မြှင့်တင်ခြင်းလုပ်ငန်း များကို ဆောင်ရွက်ပေးနိုင်ရေး အတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြစ်ကြောင်းနှင့် မြစ်ကမ်းပါးပြောင်းလဲမှု အခြေ အနေများအား ကွင်းဆင်းတိုင်းတာ စစ်ဆေးသွားမည် ဖြစ်ပါကြောင်း နှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက် မည့်အချိန်တွင် ပို့ဆောင်ရေး ဝန်ကြီးဌာနအနေဖြင့်ပူးပေါင်းကူညီ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါ ကြောင်း ပြန်လည်ဖြေကြားသည်။

ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်ဇော်ထက်၏ **ဧရာဝတီမြစ်ကမ်း ဆိပ်ဖြူဘက်ခြမ်းတွင် သောင်တူးဖော်ခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ပြန်လည်သုံးသပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထွန်းလူက ဧရာဝတီမြစ်ကမ်း ဆိပ်ဖြူဘက်ခြမ်းတွင် သောင် တူးဖော်ခြင်း လုပ်ငန်းသည် ဧရာဝတီမြစ် ပင်မအစီအမံအရ လိုအပ်သည့် မြစ်အကျယ်ရရှိရေး ဆောင်ရွက်သည့် လုပ်ငန်းဖြစ်ခြင်း၊ သောင်တူးရာမှ ထွက်ရှိလာသည့် တူးစာများကို ဆိပ်ဖြူဘက်ကမ်း၌ စွန့်ပစ်ရာတွင် အလွယ်တကူ ပြန်လည်ပို့ချခြင်း၊ မျောပါခြင်း မရှိစေရန် စက်ကြီးများဖြင့် စနစ်တကျ ဖြိုကြိတ်ဆောင်ရွက် ထားခြင်း၊ မြစ်အကျယ်ချဲ့ခြင်းဖြင့် အနေ့ာရထာတံတား၏ တံတား တိုင် ရေတိုက်စားဒဏ်ခံရမှုအား လျှော့ချပေးနိုင်ခဲ့၍ ဒေသခံပြည်သူ များ၏ လမ်းပန်းဆက်သွယ်မှု လုံခြုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်ရေးကို ကာကွယ်ပေးနိုင် ပါ၍ အမှန်တကယ်ဆောင်ရွက် သင့်သည့် လုပ်ငန်းတစ်ခု ဖြစ်သဖြင့် ပို့ဆောင်ရေးဝန်ကြီး ဌာနအနေဖြင့် လေ့လာဆန်းစစ်မှု များ သေချာစွာပြုလုပ်ပြီးမှ ဆောင်ရွက်ခဲ့သော လုပ်ငန်းဖြစ်ပါ ကြောင်းနှင့် အနာဂတ်အစီအမံ ဖြစ်သော ယောချောင်း ရေစီး ရေလာကောင်းမွန်စေရန် ချောင်းဝ ဖြောင့်ခြင်းလုပ်ငန်းနှင့် အတူ ကမ်းထိန်းခြင်း လုပ်ငန်းများကို လိုအပ်ပါက ဆက်လက်ဆောင် ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

အင်္ဂါပူမဲဆန္ဒနယ်မှ ဒေါက်တာ ဌေးဝင်း၏ **အင်္ဂါပူမြို့နယ်နောက်မီး အုပ်စုနှင့် ဝက်လဟာအုပ်စု အတွင်းရှိကျေးရွာများ မြစ်ကမ်း ထိန်းခြင်းနှင့် မြစ်ကြောင်းလွှဲခြင်း လုပ်ငန်းအား အရေးတကြီး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထွန်းလူက ဧရာဝတီတိုင်းဒေသကြီး အင်္ဂါပူ မြို့နယ် မကျိစုကျေးရွာ၊ ကညင်တပင်ကျေးရွာ၊ ကြို့ကုန်း ကျေးရွာတို့နှင့် အင်္ဂါပူ–ညောင်ကျိုး ကားလမ်း ကမ်းပြိုကမ်းစားခြင်းမှ ရေရှည် ကာကွယ်နိုင်ရန်မှာ တိုက်ရိုက် ကာကွယ်သည့် နည်းစနစ်ထက် သွယ်ဝိုက် ကာကွယ်သည့် နည်းစနစ်ဖြစ်သော Pilot Channel မြစ်ဖြတ်မြောင်း ဖောက်လုပ်နိုင်မည်ဟု လွှတ်တော် ကိုယ်စားလှယ်ကြီး၏ တင်ပြချက် သည် မှန်ကန်ပါသဖြင့် မြစ်ဖြတ် မြောင်းဖောက်လုပ်နိုင်ရေးအတွက် အင်္ဂါပူမြို့နယ်နှင့် ဟင်္သာတ မြို့နယ်တို့ရှိ လွှတ်တော်ကိုယ်စား လှယ်များ၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဌာနဆိုင်ရာများမှ တာဝန်ရှိ သူများနှင့် ဒေသခံပြည်သူလူထုတို့ သဘောတူညီမှုရရှိစေရန် ဦးစွာ ညှိနှိုင်းဆွေးနွေးရန် လိုအပ်မည် ဖြစ်ပါကြောင်း၊ ဒေသခံပြည်သူ လူထုနှင့် ညှိနှိုင်းဆွေးနွေးမှုရလဒ် အပေါ် မူတည်ပြီးမှသာ ငဝန်မြစ်ဖြတ် ဖြတ် တူးမြောင်းဖောက်လုပ်ခြင်း နှင့် ဆက်စပ်လုပ်ငန်းများ ဆက်လက် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ငဝန်မြစ်ရေကိုက် စားမှုကာကွယ်ရေးသည် ဧရာဝတီ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက် ရမည့် လုပ်ငန်းတစ်ခုဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီး အစိုးရ အဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်တွင် ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် နည်းပညာဆိုင်ရာ အကူအညီများ ပူးပေါင်း ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြား သည်။

ထို့နောက် ကသာမဲဆန္ဒနယ်မှ ဦးတင်ဌေးက **"ဧရာဝတီမြစ် အတွင်း ရေကြောင်းသွားလာရေး ကို တစ်နှစ်ပတ်လုံးဆောင်ရွက် နိုင်စေရေးအတွက် မြစ်ကြောင်း စီမံခန့်ခွဲမှုလုပ်ငန်းများကို အမျိုး သားအဆင့် စီမံကိန်းတစ်ရပ်အဖြစ် ဆောင်ရွက်ပေးရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကိုတင်သွင်းရာ ကလေးဝ မဲဆန္ဒနယ်မှ ဦးတင်ထွန်းလွင်က ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လက်ခံဆွေးနွေးရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စား လှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာ သည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်တွင် ဖွဲ့စည်းထားသည့် ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှု ဆိုင်ရာကော်မတီ၏ အမည်ကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွား လာရေးဆိုင်ရာ ကော်မတီဟု ပြင်ဆင်ပြီး ကော်မတီဝင်များ အစားထိုး ပြောင်းလဲခြင်းကို လည်းကောင်း၊ ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ ကော်မတီ၏ တာဝန်များအား ပြင်ဆင် သတ်မှတ်ခြင်းကို လည်းကောင်း လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာ သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော် မြန်မာ-ဗီယက်နမ်၊ မြန်မာ-ဂျပန်၊ မြန်မာ - တရုတ်နှင့် မြန်မာ – လာအို လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး အဖွဲ့များ ဖွဲ့စည်းကြောင်းနှင့် ယင်းအဖွဲ့များ တွင်ပါဝင်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်းများ၊ အဖွဲ့ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူး များ၏ အမည်စာရင်းများကို လွှတ်တော်သို့ အသိပေးတင်ပြပြီး အတည်ပြုချက်ရယူသည်။

ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ပေးပို့ ထားသော **"ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမ အကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ လွှတ်တော်က ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲ အလိုက် လွှတ်တော်၏အတည်ပြု ချက်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် ဥပဒေ ကြမ်းတစ်ရပ်လုံးကို အတည်ပြု ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့ လွှတ်တော် တတိယပုံမှန်အစည်း အဝေး ဒုတိယနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးတတိယနေ့ကို စက်တင်ဘာ ၂၃ ရက်တွင် ကျင်းပ သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းအဖွဲ့

မြောင်းမြမြို့၌ လမ်း/တံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

မြောင်းမြ စက်တင်ဘာ ၂၂

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ မြို့နယ်အတွင်းဆောင်ရွက်လျက်ရှိသည့် လမ်း/တံတား လုပ်ငန်းများအား ယမန်နေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးသည်။

၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်တွင် မြောင်းမြမြို့နယ်အတွင်း တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် Bright Future TL CO., Ltd. မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ပဓာနနှင့် သိလျှာဂါတံစုဆက်သွယ်ရေးလမ်း ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှုကို ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန(ရုံးချုပ်) နေပြည်တော်မှ အင်ဂျင်နီယာချုပ်(မြို့ပြဦးကျော်ကျော်ထွေးနှင့် ခရိုင်/မြို့နယ်တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



တတိယအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပ


တတိယအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပစဉ်။

နေပြည်တော် စက်တင်ဘာ ၂၂

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဆွေး ရှေ့မှောက်၌ ကတိသစ္စာ မပြုရသေးသော တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ငါးဦးက ကတိသစ္စာပြုပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၁၉၇ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယ ပုံမှန်အစည်းအဝေး ပထမနေ့ကို တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းကြပါစေကြောင်း ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

မိမိတို့ အမျိုးသားလွှတ်တော်သည် ပြီးခဲ့သည့် ဒုတိယပုံမှန်အစည်းအဝေး ကာလအတွင်း နိုင်ငံတော်အတွက် လိုအပ်သည့် ဥပဒေကြမ်းများကို ဆွေးနွေးခြင်း၊ ပြည်သူလူထု၏ အသံနှင့် လိုအပ်ချက်များကို ဖော်ထုတ်ပေးနိုင်မည့် မေးခွန်းနှင့် အဆိုများကို ဆွေးနွေးဆုံးဖြတ်ခြင်း စသည့် လွှတ်တော်၏ တာဝန်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြပါကြောင်း။

ယခုကျင်းပသည့် တတိယပုံမှန်အစည်းအဝေးတွင် လည်း နိုင်ငံတော်အတွက် လိုအပ်သည့် ဥပဒေကြမ်းများ ဆွေးနွေးခြင်း၊ ပြည်သူ့အကျိုးပြု မေးခွန်းများနှင့် အဆိုများကို ဆွေးနွေးခြင်း စသည့် လုပ်ငန်းစဉ်များကို အရှိန်အဟုန်မပျက် ဆက်လက်လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း။

လွှတ်တော်ကော်မတီ အသီးသီး အနေဖြင့်လည်း မိမိတို့၏ သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းတာဝန်များကို ဆက်လက် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ လွှတ်တော်ကော်မတီ အလိုက် မိမိတို့နှင့် သက်ဆိုင်သည့် ကဏ္ဍအလိုက် ဥပဒေများထဲမှ လေ့လာပြီး ဥပဒေများကိုလည်း တွေ့ရှိချက်များ တင်ပြပေးရန် ဖြစ်ကြောင်း။

ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်များ ဥပဒေကြမ်း တင်သွင်းရန်ရှိလာပါက တစ်ပြေးညီဖြစ်စေရန် တင်သွင်းရမည့်နှုန်းပုံစံများကိုလည်း ဖြန့်ဝေထားပြီးဖြစ်ကြောင်း၊ မိမိတို့ကော်မတီများအလိုက် ဆောင်ရွက်ရန်တာဝန်ရှိသည့် ဥပဒေများကို ပြင်ဆင်ဖြည့်စွက်မှုများ ပြုလုပ်ရာတွင် အထောက်အကူဖြစ်မည် ဖြစ်ကြောင်း။

ယခု တတိယပုံမှန် အစည်းအဝေးအတွင်း လွှတ်တော်ကိုယ်စားလှယ်များ အားလုံးသည် မိမိတို့၏အသိ၊ ဉာဏ်ပညာ၊ အတွေ့အကြုံများနှင့် စေတနာများကို အရင်းခံပြီး နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အမှန်တကယ် အကျိုးရှိစေမည့် ရလဒ်ကောင်းများ ထွက်ပေါ်လာအောင် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းနှုတ်ခွန်းဆက်သအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၂) ဒေါ်မာလာဆန်း၏ **ပညာရေးဝန်ထမ်းများအား ရာထူး တိုး/ပြောင်း ရွှေ့ နေရာချထားပေးရာတွင် ဝန်ထမ်းများ မူလနေရပ်ဒေသရှိ အခြေခံကျောင်းများ၌ ဦးစားပေးနေရာချထားရန် အစီအစဉ် ရှိ/မရှိ နှင့် ဆရာ/ဆရာမများ လစ်လပ်မှု များပြားသောကျေးလက်ကျောင်းများတွင် ဒေသခံ ဆရာ/ဆရာမများဖြင့် အစားထိုးဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနအနေဖြင့် အခြေခံပညာကျောင်းများရှိသင်ကြားရေးဆရာ ဆရာမများ၏ လစ်လပ်နေရာများတွင် ဖြည့်ဆည်းခန့်ထားရာ၌ ကျောင်းသားဦးရေအရ ဆရာလိုအပ်ချက်ရှိသော ကျောင်းများအား ဦးစားပေးဖြည့်ဆည်းခန့်ထား ဆောင်ရွက်လျက်ရှိပါကြောင်း။

နယ်မြေဒေသ မအေးချမ်းသည့် ဒေသမှ ဆရာ ဆရာမများကို နီးစပ်ရာဒေသများတွင် တွဲဖက်ပေးထားခြင်းဖြင့်သာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖြည့်ဆည်းခန့်ထားရာတွင် ရာထူးတိုး သို့မဟုတ် အပြောင်းအရွှေ့ လျှောက်ထားသော ပညာရေး ဝန်ထမ်း၏ ဦးစားပေးအလိုက် ဆန္ဒပြုကျောင်းနှင့် ဒေသအား လုပ်သက်ရမှတ်၊ တန်းစီဇယား တို့နှင့် လစ်လပ်နေရာတို့အပေါ် မူတည်၍ ဆောင်ရွက်ပေးလျက် ရှိပါကြောင်းနှင့် ဆရာ ဆရာမများ လစ်လပ်လျက်ရှိသော ကျောင်းများတွင် ပညာရေးဒီဂရီကောလိပ် သင်တန်းဆင်းများအား လျာထား ခန့်ထားပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လတ်တလော လစ်လပ်မှုရှိနေသည့် ကျောင်းများတွင် သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးများ၏ အစီအစဉ်ဖြင့် ပြည်နယ်တွင်း အစားထိုးဖြည့်ဆည်း၍ သင်ကြားရေး အောင်မြင်စေအောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

တနင်္သာရီ တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၁) ဦးစိုးကြည်၏ **တနင်္သာရီတိုင်းဒေသကြီး မြိတ် ခရိုင် မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာအုပ်စု အောင်မင်္ဂလာရပ်ကွက် သုခ(၃)လမ်းရှိ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်းတွင် ပျက်စီးလျက်ရှိသော မြေသားလမ်း ပေ ၈၂၀ အား ကွန်ကရစ်လမ်းခင်းပေးရန်၊ ပြိုကျ ပျက်စီးနေပြီဖြစ်သော ကျောင်း ခြံစည်းရိုး အုတ်တံတိုင်းနှင့် အသစ်ပြုလုပ်ရန် ကျန်ရှိသော ကျောင်းခြံစည်းရိုး အုတ်တံတိုင်း ၈၁၉ ပေအား ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ရှိပါက မည်သည့် ကာလအတွင်း ဆောင်ရွက်ပေး မည်ကို သိရှိလိုခြင်း**မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွက် အန္တရာယ်ကျောင်းဆောင် များဖျက်သိမ်း၍ အသစ်ဆောက် လုပ်ခြင်းလုပ်ငန်း သုံးခု၊ တိုးတက် လာသော ကျောင်းသားဦးရေအရ တိုးချဲ့အသစ်ဆောက်လုပ်ခြင်း လုပ်ငန်း နှစ်ခု၊ အကြီးစားပြုပြင် မွမ်းမံခြင်းလုပ်ငန်း တစ်ခု၊ ရုံးများ အသစ်ဆောက်လုပ်ခြင်းလုပ်ငန်း တစ်ခု၊ သိပ္ပံဆောင်များအသစ် ဆောက်လုပ်ခြင်း တစ်ခု၊ စာကြည့် တိုက်များ အသစ်ဆောက်လုပ်ခြင်း လုပ်ငန်း လေးခု စုစုပေါင်းလုပ်ငန်း ၁၂ ခုအတွက် ခွင့်ပြုရန်ပုံငွေကျပ် ၅၄၈၁ သိန်း ပါဝင်ပါကြောင်း။

အဆိုပါ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်း၌စည်းရုံး ပတ်လည် ပေ ၂၂၀၀ ရှိပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပေ ၇၀၀၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ပေ ၄၃၀ ကို ဌာနရုန်ပုံငွေဖြင့် ကာရံခဲ့ပြီး ၂၅၁ ပေအား ကိုယ်ထူကိုယ်ထစနှစ်ဖြင့် ကာရံထားပြီး ဖြစ်ပါကြောင်း၊ လိုအပ်သည့် ၈၁၉ ပေအား အုတ်တံတိုင်း ကာရံပေးနိုင်ရန် အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေး နှစ် ငွေလုံးငွေရင်း (တည်ဆောက် ရေး) ဘတ်ဂျက်ဖြင့်လည်းကောင်း၊ ရေကြီးရေလျှံမှုများကြောင့် ပျက်စီး နေသော ကျောင်းအဝင်လမ်း ပေ ၈၂၀ x ၄ ပေ x ၃ လက်မဒုအား ကွန်ကရစ်လမ်း ခင်းပေးရန် အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေး နှစ် သာမန်အသုံးစရိတ်ဖြင့် လည်းကောင်း ဘတ်ဂျက်ရရှိမှု အပေါ် တိုင်းဒေသကြီး၏ တန်းစီ ဇယားဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

တနင်္သာရီ တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စား လှယ် အမှတ်(၉) ဦးညာဏ်ထွန်း၏ **တနင်္သာရီတိုင်းဒေသကြီး မြိတ် ခရိုင် မြိတ်မြို့ အမှတ်(၂) အခြေခံ ပညာအထက်တန်းကျောင်းတွင် ၁၂၀x၃၀x၁၂ ပေရှိ အန္တရာယ် ရှိသော တစ်ထပ် (၄၀၊ဆောင်) အားဖျက်သိမ်း၍ ပေ ၁၄၀x၃၀ RCC (၃)ထပ် ကျောင်းဆောင်သစ် တစ်ဆောင်ကို ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ် သို့မဟုတ် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြု မိန့်ချထားပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က မြိတ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသား ၁၅၉၃ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား ၈၇၀၊ အထက်တန်း အဆင့်ကျောင်းသား ၇၇၄ ဦး စုစုပေါင်းကျောင်းသား ၂၂၃၇ ဦး ရှိပြီး ကျောင်းဆောင်များအနေဖြင့် စုစုပေါင်း ကျောင်းဆောင် ၁၅ ဆောင်၊ စာသင်ခန်း ၅၇ ခန်းဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါကျောင်းတွင် လက်ရှိ စာသင်ခန်း ၅၇ ခန်းဖြင့် သင်ကြား နေရသည့်အတွက် စာသင်ခန်း ထပ်မံလိုအပ်နေပြီး အန္တရာယ် ဆောင်ဖြစ်သည့် ၎င်းဆောင် ပေ ၁၂၀ x ၃၀ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင်အား ဖျက်သိမ်း၍ ပေ ၁၄၀ x ၃၀ RCC သုံးထပ် ဆောက်လုပ်ရန်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၉) ဦးစိုးမင်းစမ်း၏ **မွန်ပြည်နယ် ကျိုက်ထိုခရိုင် ဘီးလင်းမြို့နယ် ကင်းရွာကျေးရွာရှိ ကင်းရွာ အခြေခံပညာအထက်တန်းကျောင်းမှ မြန်နွာ ကျောင်းဆောင်သည် သက်တမ်း ၂၉ နှစ်ရှိပြီး အလွန်ဆိုးရွားစွာပျက်စီးနေပြီ ဖြစ်ပါသောကြောင့် ၎င်းကျောင်းဆောင် အား ဖျက်သိမ်းပြီး အသစ် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် ဆောက်လုပ်ပေးမည်ဆိုပါက အစောဆုံးဘတ်ဂျက်တွင် ထည့်သွင်း ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း**မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က မွန်ပြည်နယ် ဘီးလင်းမြို့နယ်အတွင်း စုစုပေါင်း လုပ်ငန်း ၁၂ ခုအတွက် ခွင့်ပြုရန်ပုံ ငွေကျပ် ၂၆၆၆ ဒသမ ၆၇၀ သန်း ပါဝင်ပါကြောင်း၊ မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကင်းရွာ အခြေခံ ပညာအထက်တန်းကျောင်းတွင် မူလတန်းအဆင့် ကျောင်းသား ၃၈၉ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား ၅၄၆ ဦး၊ အထက် တန်းအဆင့်ကျောင်းသား ၁၃၅ ဦး ကျောင်းသားပေါင်း ၁၀၇၀ တက်ရောက် သင်ကြားလျက်ရှိပါ ကြောင်း၊ အဆိုပါကျောင်းတွင် အန္တရာယ်ရှိ ကျောင်းဆောင် မြန်နွာအဆောင် အပါအဝင် ကျောင်းဆောင် ခုနစ်ဆောင်တွင် စာသင်ခန်း ၃၁ ခန်းဖြင့် သင်ကြား သင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါကျောင်းဆောင် များအနက် မြန်နွာဆောင် ပေ ၁၅၀ x ၃၀ အုတ်ညှပ် တစ်ထပ်ဆောင်တွင် ဘီးလင်းမြို့နယ် ပညာရေးမှူးရုံးမှ ကျောင်းဆောင်စိစစ်ရေးအဖွဲ့၏ ကွင်းဆင်း စစ်ဆေးချက်အရ သက်တမ်း ၂၇ နှစ်ရှိပြီး ကျောင်း ဆောက်လုပ်စဉ်က လယ်ယာမြေ ဖြစ်သောကြောင့် ယခုအခါ ကျောင်းဆောင်၏ အောက်ခြေ ကြမ်းခင်းများနှင့် အုတ်နံရံများ ကွဲအက်နေခြင်း၊ အမိုးနှင့် မျက်နှာ ကြက်မိုးယိုမှုများ ဖြစ်ပေါ်နေသည့် အတွက် အဆိုပါကျောင်းဆောင် အားဖျက်သိမ်းပြီး ကျောင်းသား ဦးရေအရ လိုအပ်နိုင်သည့် အပေါ်တွင်စိစစ်၍ နီးစပ်ရာ ဘဏ္ဍာရေးနှစ်တွင် အသစ်ထပ်မံ ဆောက်လုပ်ပေးနိုင်ရေး တိုင်း ဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါ ကြောင်း ဖြေကြားသည်။

စစ်ကိုင်း တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စား လှယ်အမှတ်(၃) ဒေါ်ကျော့ယဉ်ဝင်း၏ **စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့ အခြေခံပညာ အထက်တန်းကျောင်းရှိ တစ်ထပ် ကျောင်းဆောင် နှစ်ဆောင်နှင့် အမှတ်(၁)အခြေခံပညာ အလယ် တန်းကျောင်းခွဲအတွင်းရှိ နှစ်ထပ် ကျောင်းဆောင် တစ်ဆောင်တို့မှာ ကျောင်း၌ပဓိရုပ် မကောင်းတော့ ဘဲ ယိုယွင်းပျက်စီး ဆွေးမြည့် နေပြီဖြစ်ပါသဖြင့် ဖျက်သိမ်းခွင့်ပြု ရန်နှင့် ၎င်းနေရာများတွင် အစားထိုးလျက် ၁၇၀x၃၀x၂၅ ပေ RCC နှစ်ထပ်ကျောင်းဆောင် တစ် ဆောင်နှင့် ၁၀၀x၃၀x၂၂ ပေ RCC နှစ်ထပ် ကျောင်းဆောင် တစ် ဆောင်တို့အား ဆောက်လုပ်ပေး ရန် အစီအစဉ် ရှိ/မရှိ၊ ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက် ပေးသွားမည်ကို သိရှိလိုခြင်း**မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယ ဝန်ကြီး ဦးနေမျိုးလှိုင်က စစ်ကိုင်း တိုင်းဒေသကြီး ကလေးဝမြို့နယ် ကလေး၀ အခြေခံပညာအထက် တန်းကျောင်းတွင် အလယ်တန်း အဆင့်ကျောင်းသား ၆၁၁ ဦး၊ အထက်တန်းအဆင့် ကျောင်းသား ၁၉၇ ဦး စုစုပေါင်း ကျောင်းသား ၈၀၈ ဦး သင်ကြားလျက်ရှိပြီး ကျောင်းဆောင် များအနေဖြင့် အန္တရာယ်ဆောင် ပေ ၉၆ x ၃၀ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်၊ အန္တရာယ်ဆောင် ပေ ၈၀ x ၃၀ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ် အပါအဝင် စုစုပေါင်းကျောင်းဆောင် ခုနစ်ဆောင်၊ စာသင်ခန်း ၃၅ ခန်း ဖြင့် သင်ကြားသင်ယူမှုလုပ်ငန်း များ ဆောင်ရွက်လျက်ရှိပါ ကြောင်း။ **စာမျက်နှာ ၇ သို့** ○

❍ စာမျက်နှာ ၆ မှ

အဆိုပါ ကလေးဝ အခြေခံပညာအထက်တန်းကျောင်းတွင် အန္တရာယ်ရှိနေသော ကျောင်းဆောင်နှစ်ဆောင်အား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖျက်သိမ်းခွင့်များ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ကျောင်းသားဦးရေ တိုးတက်လာသည့်အပေါ်မူတည်ပြီး ကျောင်းဆောင်သစ်ဆောက်လုပ်နိုင်ရေး အတွက် ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး ဦးစားပေးအစီအစဉ်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

စစ်ကိုင်း တိုင်းဒေသကြီး ကလေးဝမြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)တွင် မူလတန်းအဆင့် ကျောင်းသား ၂၈၁ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား ၇၃ ဦး စုစုပေါင်း ကျောင်းသား ၃၅၄ ဦး သင်ကြားလျက်ရှိပြီး အဆိုပါ ကျောင်းတွင် အန္တရာယ်ဆောင် ၄၅ x ၃၀ ပေ သွပ်မိုး၊ အုတ်ညှပ်နှစ်ထပ်ဆောင် အပါအဝင် ကျောင်းဆောင် လေးဆောင်၊ စာသင်ခန်း (၁၂)ခန်းဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အတွက် အန္တရာယ်ဆောင်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖျက်သိမ်းခွင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ကျောင်းသားဦးရေ တိုးတက်လာသည့်အပေါ်မူတည်ပြီး ဖျက်သိမ်းသည့်မြေနေရာတွင်ကျောင်းဆောင်သစ် ဆောက်လုပ်နိုင်ရေးအတွက် တိုင်းဒေသကြီး ဦးစားပေးအစီအစဉ်ဖြင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရန်ကုန် တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၄) ဦးဇော်ဝင်းသန့်၏ **ကျောင်းသားလူငယ်များ မိုဘိုင်းဖုန်း အသုံးပြုမှုအန္တရာယ်မှ ကင်းရှင်းနိုင်စေရေးအတွက် အခြေခံပညာကျောင်းများတွင် ကျောင်းချိန်အတွင်း မိုဘိုင်းဖုန်း သုံးစွဲခွင့်နှင့်ပတ်သက်၍ အမိန့်နှင့် ညွှန်ကြားချက်များ တင်းတင်း ကျပ်ကျပ်ထုတ်ပြန်၍ တားမြစ်ထားခြင်း ရှိ/မရှိ၊ ထုတ်ပြန်တားမြစ်ထားချက်အပေါ် မလိုက်နာပါက မည်ကဲ့သို့ အရေးယူဆောင်ရွက်ရမည်ကို တိကျသောညွှန်ကြားချက်များ ချမှတ်ပေးထားခြင်း ရှိ/မရှိနှင့် ကလေးသူငယ်ဆိုင်ရာ အွန်လိုင်းဥပဒေရေးဆွဲ၍ ကာကွယ်ပေးနိုင်ရန် ဆောင်ရွက်ထားခြင်း ရှိ/မရှိ သိရှိလိုခြင်း**မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က အခြေခံပညာကျောင်းများတွင် အခြေခံပညာကျောင်းသား ကျောင်းသူများ၏ သင်ကြားသင်ယူမှုလုပ်ငန်းများကို အနှောင့်အယှက် မဖြစ်စေရန်၊ သင်ယူမှုအရည်အသွေး မြှင့်တင်စေရန်နှင့် ကျောင်းစည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်စေရန်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးတို့၏ အဆင့်ဆင့်ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိရာ အထက်တန်း/ အလယ်တန်း/ မူလတန်းကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများအား ကျောင်းချိန်အတွင်း မိုဘိုင်းဖုန်း ယူဆောင်လာခြင်းနှင့် အသုံးပြုခြင်းတို့ကို တင်းတင်း ကျပ်ကျပ်တားမြစ်သည့် စည်းကမ်းချက်များ ထုတ်ပြန်၍ ကျောင်းသား ကျောင်းသူများ လိုက်နာဆောင်ရွက်ရန် အစီအစဉ်များချမှတ်လျက်ရှိပါကြောင်း။

နည်းပညာခေတ်တွင် မိုဘိုင်းဖုန်းကဲ့သို့ Tablet၊ iPad၊ Computer (Desktop၊ Laptop) စသည့် Digital Device များ အသုံးပြုခြင်းဖြင့် အထွေထွေ ဗဟုသုတများ၊ ကျောင်းသင်ခန်းစာနှင့် သက်ဆိုင်သောအကြောင်းအရာများ၊ ဘာသာစကား ကျွမ်းကျင်မှုဆိုင်ရာ သင်ကြားမှုများအပြင် အခြားနည်းပညာဆိုင်ရာ အကြောင်းအရာမျိုးစုံကို လေ့လာဆည်းပူးနိုင်ပါကြောင်း၊ ၂၁ ရာစု ကျွမ်းကျင်မှုများအား လေ့လာသင်ယူနေသည့် မျိုးဆက်သစ်များအနေဖြင့် နည်းပညာလေ့လာလိုက်စားပြီး ကျွမ်းကျင်ရန်လည်း လိုအပ်ပါကြောင်းနှင့် မိုဘိုင်းဖုန်း ကန့်သတ်ခြင်း၏ ရည်ရွယ်ချက်မှာ ကလေးငယ်များ ဖုန်း အလွန်အကျွံသုံးစွဲခြင်းမှ ကာကွယ်ရန်၊ မကောင်းသည့် အကျင့်စရိုက်များ ကူးစက်နိုင်ခြင်း၊ အတုယူမှားခြင်း၊ ကျောင်းသား အချင်းချင်း နိုင်ထက်စီးနင်း ပြုမူခြင်း၊ စိတ်ဓာတ်ပျက်ပြားခြင်း စသည့် ဆိုးကျိုးများအား တားမြစ်ရန် ရည်ရွယ်ခြင်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများတွင် ကျောင်းသားကလေးသူငယ်များ မိုဘိုင်းဖုန်းသုံးစွဲမှုကို တားမြစ်ကန့်သတ်သည့် ဥပဒေပြဋ္ဌာန်းချက် မရှိသေးသော်လည်း ကျောင်းသား ကလေးသူငယ်များအား အွန်လိုင်းပလက်ဖောင်းမှ တစ်ဆင့် ခြိမ်းခြောက်အန္တရာယ်ပြုခြင်း၊ အမြတ်ထုတ်ခြင်းတို့နှင့် ပတ်သက်၍ ဥပဒေကြောင်းအရ အကာအကွယ်ပေးခြင်း၊ အရေးယူခြင်းများ ပြုလုပ်နိုင်ပါကြောင်း။

သို့ပါ၍ ကျောင်းသားလူငယ်များ ကျောင်းချိန်အတွင်း မိုဘိုင်းဖုန်းသုံးစွဲမှုကို ထိထိရောက်ရောက် တားမြစ်နိုင်သော်လည်း ကျောင်းချိန်ပြင်ပအချိန်များတွင် အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် ဆရာ၊ မိဘ၊ ကျောင်းသား ပိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြမည်ဆိုပါက ပိုမို အကျိုးရှိသည့်ရလဒ်များ ရနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် ရုံးဝန်ထမ်းများက လှူဒါန်းမှုကို ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရန်နိုင်ဝင်း၊ ဦးအောင်တင်မြင့်၊ ဦးအောင်ကျော်မင်းနှင့် ဒေါ်ဇင်ပပဦးတို့က သွားရောက်လှူဒါန်းခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က လက်ခံရယူခဲ့ပါကြောင်း၊ ထိုသို့ လှူဒါန်းခြင်းအား အမျိုးသားလွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် အမျိုးသားလွှတ်တော်တတိယပုံမှန် အစည်းအဝေးပထမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးဒုတိယနေ့ကို စက်တင်ဘာ ၂၄ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ကမာရွတ်မြို့နယ်၌ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရမှု အကျိုးခံစားခွင့်ထုတ်ပေး



ရန်ကုန် စက်တင်ဘာ ၂၂

ရန်ကုန် တိုင်းဒေသကြီး ကမာရွတ်မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော Jumbo Logistics Co., Ltd. မှ အာမခံအလုပ်သမား ဦးမင်းအောင်အတွက် အလုပ်တွင် ထိခိုက်သေဆုံးမှုနှင့်ပတ်သက်၍ ကျန်ရစ်သူ အကျိုးခံစားခွင့် ထုတ်ပေးခြင်းကို စက်တင်ဘာ ၂၁ ရက်က ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တိုင်းတာဝန်ခံအရာရှိ ဒုတိယညွှန်ကြာရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါအကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ် ၁၀၈၀၀၀၀၀ ကို ဦးမင်းအောင်၏ ဇနီးဖြစ်သူ ဒေါ်ခင်စောအေးထံ အလုပ်ဌာနတာဝန်ခံများ၊ အလုပ်သမားညှိနှိုင်းရေးကော်မတီ(WCC) အဖွဲ့ဝင်များ ရှေ့မှောက်၌ ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သိရသည်။

စိမ်းလဲ့(ပြန်ဆက်)

ပြည်မြို့၌ လူငယ်စကားဝိုင်း ကျင်းပ

ပြည် စက်တင်ဘာ ၂၂

ပဲခူးတိုင်းဒေသကြီး ပြည်မြို့၌ အစိုးရနည်းပညာအထက်တန်းကျောင်းနှင့် ပြည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော "လူငယ်စကားဝိုင်း"ကို ယနေ့နံနက်ပိုင်းက ပြည်မြို့ အစိုးရနည်းပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ အစိုးရနည်းပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီးက အမှာစကားပြောကြားပြီး ပြည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ပြောကြားသည်။ ထို့နောက် လူငယ်စကားဝိုင်း ဆက်လက်ကျင်းပရာ ပြည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းမှ နည်းပြဆရာမ (မြန်မာစာ)တို့က စေ့စပ်ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူများက "လူငယ်နှင့် ပညာရေး"၊ "လူငယ်နှင့် နည်းပညာ"၊ "လူငယ်နှင့် ဆိုရှယ်မီဒီယာ"၊ "လူငယ်နှင့် ကျန်းမာရေး"၊ "လူငယ်နှင့် စာဖတ်ခြင်း" ခေါင်းစဉ်များဖြင့် ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။



ဝဏ္ဏထွန်း(ပြန်/ဆက်)

ကျိုက်ထိုမြို့နယ်အတွင်းရှိ စာသင်ကျောင်းများ စံကိုက်ကျောင်းအဖြစ်သတ်မှတ်နိုင်ရေး ကြည့်ရှုစစ်ဆေး



ကျိုက်ထို စက်တင်ဘာ ၂၂

မွန်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးတင်ဇော်ထွန်းသည် စက်တင်ဘာ ၂၁ ရက် မွန်းလွဲပိုင်းက ကျိုက်ထိုမြို့ အခြေခံပညာအထက်တန်းကျောင်း (ရွှေဥသြ) ကျောင်းအား စံကိုက်ကျောင်းအဖြစ်သတ်မှတ်နိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးက ကျောင်းများတွင် သင်ကြားသင်ယူမှု ဝန်းကျင်ကောင်းမွန်စေရေး၊ ကျောင်းအင်္ဂါရပ်များနှင့် အညီ သန့်ရှင်းသပ်ရပ်မှု ရှိစေရေး၊ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေး တို့အတွက် လိုအပ်သည့် ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် အချက်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးနှင့် အဖွဲ့သည် စာသင်ခုံများ ပြည့်စုံမှု ရှိ/မရှိ၊ ကျောင်းစာကြည့်တိုက်များ၏ အခြေအနေ၊ သောက်သုံးရေရရှိမှုနှင့် သန့်စင်ခန်းများ သန့်ရှင်းသပ်ရပ်မှု ရှိ/မရှိ၊ စာသင်ခန်းများအတွင်း သင်ထောက်ကူပစ္စည်းများ ပြည့်စုံစွာပံ့ပိုးထားရှိမှုနှင့် ကျောင်းပတ်ဝန်းကျင် လုံခြုံဘေးကင်းမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ ကျောင်း၏လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး စံကိုက်ကျောင်းဖြစ်မြောက်ရေးအတွက် သက်ဆိုင်ရာ ဌာနဆိုင်ရာများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်း မှာကြားခဲ့ကြောင်း သိရသည်။ **ပြည့်ဖြိုး(ပြန်/ဆက်)**

ဇေယျာသီရိမြို့နယ်၌ ကျန်းမာရေးမှူး (၄)သင်တန်းဖွင့်



ဇေယျာသီရိ စက်တင်ဘာ ၂၂

ပြည်ထောင်စု နယ်မြေ နေပြည်တော်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ကျန်းမာရေးမှူး (၄)သင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက ဇေယျာသီရိမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်းတန်းဖွင့်ပွဲသို့ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆွေဇင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ပြီး အဆိုပါသင်တန်းသို့ ပြည်ထောင်စု နယ်မြေ နေပြည်တော်အတွင်းမှ သင်တန်းသား သင်တန်းသူ ၄၉ ဦး တက်ရောက်လျက်ရှိသည်။ သင်တန်းတွင် ကျန်းမာရေး စောင့်ရှောက်မှုစနစ်၊ ပဏာမ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ၊ မိခင်နှင့်မျိုးဆက်ပွား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၊ မွေးကင်းစနှင့် ကလေး ကျန်းမာဖွံ့ဖြိုးရေး လုပ်ငန်းများ၊ ရောဂါနှိမ်နင်းရေး လုပ်ငန်းများ၊ကျောင်းကျန်းမာရေး လုပ်ငန်းများစသည့် သင်ခန်းစာများကို စက်တင်ဘာ ၁၄ ရက်မှစ၍ ခြောက်လကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ထွန်းလင်း(ဇေယျာမြေ)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ဂျပန်နိုင်ငံ၏ အောက်လွှတ်တော်အမတ် The Honorable Mr. Hiromichi Wantanabe နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၂

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ဂျပန်နိုင်ငံ၏ အောက်လွှတ်တော်အမတ် The Honorable Mr. Hiromichi Wantanabe ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ၁၉၅၄ ခုနှစ်ကတည်းက စတင်ထူထောင်ခဲ့သည့် မိမိတို့နှစ်နိုင်ငံ၏ သံတမန်ဆက်ဆံရေးသည် (၇၂)နှစ်တိုင်ခဲ့ပြီး ချစ်ကြည်ရင်းနှီးမှုရှိသည့် မိတ်ဆွေနိုင်ငံများလည်းဖြစ်ကြပါကြောင်း၊ အဆွေတော်အနေဖြင့်လည်း မြန်မာနိုင်ငံနှင့် နှစ်ပေါင်းများစွာ လက်တွဲဆောင်ရွက်ခဲ့သည့် မိတ်ဆွေဖြစ်၍ မိမိတို့နိုင်ငံ၏ အခြေအနေမှန်များကို ပိုမိုသိရှိမည်ဟု ယုံကြည်ပါကြောင်း၊ ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံသည် ချစ်ကြည်ရင်းနှီးမှုခိုင်မာပြီး အပြန်အလှန်ဖေးမကူညီခဲ့ကြသည့် သမိုင်းကြောင်းများ လည်းရှိခဲ့ကြပြီး အစိုးရချင်းသာမက ပြည်သူချင်းလည်း ချစ်ခင်ရင်းနှီးကြပါကြောင်း၊ ထို့ကြောင့် မိမိတို့နှစ်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုများ ပြန်လည်တိုးမြှင့်ရန်အတွက် လွှတ်တော်ကဏ္ဍမှ စတင်ဆောင်ရွက်နိုင်ပါကြောင်း၊ မိမိတို့လွှတ်တော်တွင် မြန်မာ - ဂျပန် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့ ဖွဲ့စည်းထားပြီးဖြစ်၍ လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိပါကြောင်း၊ မိမိတို့လွှတ်တော်ရှိ ကော်မတီများ၊ အမျိုးသမီး၊ လူငယ်နှင့်နည်းပညာစသည့် ကဏ္ဍအသီးသီးတွင် ဂျပန်အောက်လွှတ်တော်နှင့် ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှုပ်များအားလုံး လာရောက်လုပ်ကိုင်နိုင်ရန် အတွက် မိမိတို့လွှတ်တော်အနေဖြင့် ဥပဒေပိုင်းဆိုင်ရာများကို စိစစ်သုံးသပ်လျက်ရှိပါကြောင်း၊ ဂျပန်နိုင်ငံသည် စိုက်ပျိုးရေးကဏ္ဍနှင့် နည်းပညာပိုင်းတွင် ကမ္ဘာ့ထိပ်တန်းနိုင်ငံတစ်ခုဖြစ်၍ မိမိတို့နိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ၊ နည်းပညာပိုင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အဖြေရှင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးဌာန ရုံးအမှတ်(၁၃) ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ ဆရာအတတ်ပညာသင်ကောလိပ် ၂၅ ခုတို့မှ ဆရာ ဆရာမများ၏ သင်ကြားရေးစွမ်းရည် မြှင့်တင်နိုင်ရေးအတွက် အင်ဒိုနီးရှားနိုင်ငံ ပညာရေး အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ သင်ပြနည်းစနစ် (Teaching Methodology) ဆိုင်ရာ သင်တန်းများ ပံ့ပိုးပေးနိုင်ရေး၊ အင်ဒိုနီးရှားနိုင်ငံရှိ ကဏ္ဍသိုလ်များတွင် မြန်မာနိုင်ငံမှ ကျောင်းသားကျောင်းသူများအတွက် ပညာသင်ဆုအစီအစဉ်များ ရရှိနိုင်ရေး၊ ရန်ကုန် နိုင်ငံခြားဘာသာ တက္ကသိုလ်(YUFL)နှင့် မန္တလေးနိုင်ငံခြားဘာသာ တက္ကသိုလ် (MUFL)တို့တွင် အင်ဒိုနီးရှား ဘာသာစကား သင်ကြားနိုင်ရေး၊ အမျိုးသားစီမံခန့်ခွဲမှု ပညာဒီဂရီ ကောလိပ်၏ ဟိုတယ်နှင့် ခရီးသွား လုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှု ဘာသာရပ်များအတွက် အင်ဒိုနီးရှား နိုင်ငံရှိ ခရီးသွားလုပ်ငန်းအထူးပြု တက္ကသိုလ်များနှင့် ချိတ်ဆက်၍ ကျောင်းသားများ အပြန်အလှန် လေ့လာရေး အစီအစဉ်များ ဆောင်ရွက်ရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်း လာစေရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အဖြေရှင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးဌာန ရုံးအမှတ်(၁၃) ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ဂျပန်နိုင်ငံ၏ အောက်လွှတ်တော်အမတ် The Honorable Mr. Hiromichi Wantanabe နှင့် အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန် ရန်ကုန်မြို့အခြေစိုက် အင်ဒိုနီးရှားသံရုံး သံရုံးယာယီတာဝန်ခံအား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၂

ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန်သည် ရန်ကုန်မြို့ အခြေစိုက် အင်ဒိုနီးရှားသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Novan Ivanhoe Saleh ဦးဆောင်သော အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



သဲကုန်းမြို့နယ်၌ ကျေးရွာမြေငှားဂရန်များ ပေးအပ်

သဲကုန်း စက်တင်ဘာ ၂၂

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်၌ ကျေးရွာမြေငှားဂရန်များ ပြည်သူများလက်ဝယ်အရောက်ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နတ်တလင်းခရိုင်လုပ်ငန်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးက မြေငှားဂရန်ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အုတ်ဆွဲကျေးရွာမှ ဒေသခံပြည်သူများထံသို့ ကျေးရွာမြေငှားဂရန်များ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



စေတုတ္တရာမြို့နယ်၌ အရန်သားဖွားဆရာမ သင်တန်းဖွင့်

စေတုတ္တရာ စက်တင်ဘာ ၂၂

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်တွင် အရန်သားဖွားဆရာမ ခြောက်လသင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမျိုးကိုကိုဇင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် အရန်သားဖွားဆရာမ ၁၄ ဦးတက်ရောက်မည်ဖြစ်ပြီး သင်တန်းကာလခြောက်လကြာ စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **ဆန်းကိုကို(ပြန်/ဆက်)**



ကသာခရိုင်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆိုင်ရာ လုပ်ငန်းညှိနှိုင်းစည်းဝေး



ကသာ စက်တင်ဘာ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်အတွင်းရှိ မြို့နယ်များ၏ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ်မှ ၂၀၄၅-၂၀၄၆ ဘဏ္ဍာနှစ်အထိ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လျာထားဆောင်ရွက်မည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၇ ရက်က ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ရုံးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကသာခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူးက မိမိဌာနကဆောင်ရွက်မည့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ မြို့နယ်သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပေးလျက်ရှိသည့် သမဝါယမအသင်းစုများနှင့်ပတ်သက်၍ တင်ပြဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးတင်ပြချက်များအပေါ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းအောင်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်လွင်ဦးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးသန်းတို့က ကသာခရိုင်အတွင်းရှိ မြို့နယ်များ၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ကျော်စွာ(ကသာ)**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ (၉)ကြိမ်မြောက် ဒူးမားလွှတ်တော်ရွေးကောက်ပွဲသို့ သွားရောက်လေ့လာခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၂

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ (၉)ကြိမ်မြောက် ဒူးမားလွှတ်တော်ရွေးကောက်ပွဲသို့ စက်တင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ လေ့လာရေးခရီး သွားရောက်ခဲ့သည့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးနှင့်အဖွဲ့သည် ယနေ့ည‌နေ ၄ နာရီခွဲတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသန်းစိုး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် သတင်းအချက်အလက်စင်တာ၌ လေ့လာစဉ်။

ပါဝင်တက်ရောက်

လေ့လာရေးခရီးစဉ်အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် Mr. Pavel Andreev နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာဆွေးနွေးခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် သတင်းအချက်အလက်စင်တာသို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ဆောင်ရွက်ပုံနည်းလမ်းများကို လေ့လာခြင်း၊ ပြည်သူ့ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးဌာနချုပ် (Public Election Observation Head Quarters) သို့ သွားရောက်လေ့လာခြင်းနှင့် စက်တင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် "Elections in Times of Turbulence" ခေါင်းစဉ်ဖြင့်ကျင်းပသည့် အပြည်ပြည်ဆိုင်ရာညီလာခံသို့ ပါဝင်တက်ရောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၈ ရက်မှ ၂၀ ရက်အတွင်း မော်စကိုမြို့ Central Administrative Okrug၊ Tagansky District ရှိ မဲရုံအမှတ် ၁၈၂၊ Southern Administrative Okrug၊ Donskoy District ရှိ မဲရုံအမှတ် ၁၇၇၂ နှင့် ၁၇၇၉၊ Moscow Oblast၊ Klinsky District ရှိ မဲရုံအမှတ် ၈၈၂၊ ၈၈၃ နှင့် ၈၈၄ တို့သို့ သွားရောက်လေ့လာခဲ့ပြီး မဲလက်မှတ်အသုံးပြု မဲပေးနေမှု၊ E-Voting စနစ်ဖြင့် မဲပေးနေမှုတို့ကို လေ့လာကြည့်ရှု၍ ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များ မဲဆန္ဒရှင်စာရင်းစစ်ဆေးသည့် အဆင့်မှသည် မဲပုံးအတွင်းသို့ မဲစာရွက်ထည့်သည့် အဆင့်အထိ အသေးစိတ်လေ့လာကာ မဲရုံဆောင်ရွက်နေမှုအခြေအနေများကို CCTV ဖြင့် စောင့်ကြည့်လေ့လာနေမှုတို့ကိုလည်း လေ့လာကြည့်ရှုခဲ့သည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ (၉)ကြိမ်မြောက် ဒူးမားလွှတ်တော်ရွေးကောက်ပွဲတွင် မဲရုံပေါင်း ၉၁၀၀၀ ကျော်၊ မဲဆန္ဒရှင်စုစုပေါင်း ၁၁၁ သန်းကျော် ရှိပြီး တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီ ၁၁ ပါတီတို့မှ လွှတ်တော်ကိုယ်စားလှယ်လောင်း စုစုပေါင်း ၅၂၀၂၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

စက်တင်ဘာ ၂၁ ရက်တွင် ကိုယ်စားလှယ်အဖွဲ့သည် ဗဟိုရွေးကောက်ပွဲ ကော်မရှင်ရုံး၌ ကျင်းပသည့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ရွေးကောက်ပွဲအား စောင့်ကြည့်လေ့လာခဲ့ခြင်းနှင့် စပ်လျဉ်းသည့် သုံးသပ်ချက်နှင့် အမြင်ချင်းဖလှယ်ဆွေးနွေးခြင်းအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မှတ်ချက်ပြုပြောကြားရာတွင် မိမိတို့အနေဖြင့် နိုင်ငံတကာ ရွေးကောက်ပွဲလေ့လာသူများအဖြစ် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို လေ့လာခဲ့ရာတွင် မဲရုံများနှင့် မဲပေးရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများသည် စနစ်ကျနမှုရှိပြီး မဲဆန္ဒရှင်များအနေဖြင့် မည်သည့်နေ‌ဝင့်ယှက်ဖျက်ဆီးမှု၊ ခြိမ်းခြောက်မှုမျှ မရှိဘဲ မိမိတို့၏မဲပေးပိုင်ခွင့်ကို လွတ်လပ်စွာကျင့်သုံးနိုင်သည်ကို တွေ့ရှိခဲ့ရပါကြောင်း၊ မဲရုံတာဝန်ရှိသူများ အနေဖြင့် မဲပေးခြင်းနှင့် မဲရေတွက်ခြင်းလုပ်ငန်းစဉ်များကို သတ်မှတ်ထားသည့်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စေ့စပ်တိကျစွာ ဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း၊ မဲပေးခြင်းလုပ်ငန်းစဉ်တစ်လျှောက် ပွင့်လင်းမြင်သာမှုရှိပြီး E-voting စနစ်များ၊ Portable Electronic Voting Machine များကိုလည်း အသုံးပြုထားသည့်အတွက် မဲဆန္ဒရှင်များအနေဖြင့် ပိုမိုလွယ်ကူချောမွေ့စွာ မဲပေးနိုင်သည်ကိုလည်း လေ့လာတွေ့ရှိခဲ့ရပါကြောင်း၊ ကျန်းမာရေးမကောင်းသူများနှင့် မသန်စွမ်းသူများအတွက် နေအိမ်မှ မဲပေးခြင်း (Home Voting) စနစ် ဆောင်ရွက်ပေးထားရာ မဲဆန္ဒရှင်များအတွက် အဆင်ပြေစေပြီး မဲပေးမှုရာခိုင်နှုန်း ပိုမိုတိုးတက်စေသည့်စနစ်တစ်ခုအဖြစ် လေ့လာခဲ့ရပါကြောင်း၊ မဲဆန္ဒရှင်များအနေဖြင့် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရသကဲ့သို့ နိုင်ငံရေးပါတီ ကိုယ်စားလှယ်များသည်လည်း ၎င်းတို့၏တာဝန်များကို စနစ်တကျ ဆောင်ရွက်နေသည်ကို တွေ့ရှိခဲ့ရပါကြောင်း၊ ဒူးမားလွှတ်တော်ရွေးကောက်ပွဲသည် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အေးချမ်းစွာကျင်းပနိုင်ခဲ့ပြီး လွတ်လပ်မျှတကာ ပွင့်လင်းမြင်သာမှုအပြည့်ရှိသည်ကို တွေ့ရှိရပါကြောင်း ပြောကြားခဲ့သည်။

မှတ်ချက်ပြုပြောကြား

ယင်းအခမ်းအနားတွင် လွတ်လပ်သော ဓနသဟာယနိုင်ငံများအဖွဲ့ (CIS)၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO)တို့မှ လေ့လာစောင့်ကြည့်ရေးအဖွဲ့များ၊ မြန်မာနိုင်ငံအပါအဝင် ဗင်နီဇွဲလား၊ မာလီ၊ ဘာရိန်း၊ အာဘခါဇီးယား၊ တာဂျစ်ကစ္စတန်၊ ဘယ်လာရုစ်၊ ကာဇက်စတန်၊ ဥဇဘက်ကစ္စတန်၊ ကာဂျစ်စတန်၊ မော်လဒိုက်၊ သီရိလင်္ကာ၊ ဗဟိုအာဖရိကသမ္မတနိုင်ငံ (CAR)၊ အီကွေဒေါ်၊ တူနိဂျီ၊ တောင်ဆူဒန်၊ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ (DRC) နှင့် မာဒါဂတ်စကာနိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့များ၊ အစ္စလာမ်မစ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နှင့် ဗဟိုအာဖရိက စီးပွားရေးနှင့်ငွေကြေးအသိုက်အဝန်းလူငယ်များသမဂ္ဂ (UJ-CEMAC) တို့မှ ကိုယ်စားလှယ်အဖွဲ့များက မှတ်ချက်ပြုပြောကြားခဲ့သည်။

လေ့လာရေးခရီးစဉ်အတွင်း ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ ရိုးရာအကအလှများကိုလည်း လေ့လာခွင့်ရရှိခဲ့ပြီး အထင်ကရနေရာများသို့လည်း လှည့်လည်ကြည့်ရှုခွင့်ရရှိခဲ့သည်။ (၉) ကြိမ်မြောက် ဒူးမားလွှတ်တော်ရွေးကောက်ပွဲသို့ နိုင်ငံပေါင်း ၁၃၃ နိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်း ၁၃ ခုမှ ရွေးကောက်ပွဲလေ့လာသူ ၁၁၂၆ ဦး၊ နိုင်ငံပေါင်း ၅၃ နိုင်ငံမှ နိုင်ငံတကာသံတမန် ၁၂၈ ဦး လာရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသန်းစိုး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ရွေးကောက်ပွဲအား စောင့်ကြည့်လေ့လာခဲ့ခြင်းနှင့်စပ်လျဉ်းသည့် သုံးသပ်ချက်နှင့် အမြင်ချင်းဖလှယ်ဆွေးနွေးခြင်းအခမ်းအနားတွင် မှတ်ချက်ပြုပြောကြားစဉ်။

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး(ပထမနေ့) စတင်ကျင်းပ

မန္တလေး စက်တင်ဘာ ၂၂

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (ပထမနေ့)ကို ယနေ့နံနက် ၁၀ နာရီက အောင်မြေသာစံမြို့နယ်ရှိ တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ အစီအစဉ် (၉)ရပ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များ စုစုပေါင်း ၆၉ ဦး တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၁၃ ဦးက မေးမြန်းသည့် ကြယ်ပွင့်ပြ မေးခွန်း ၁၃ ခုကို သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဆိုပြုသော "မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး၏ အမည်စာရင်းကို လွှတ်တော်သို့ ကြေညာခြင်းနှင့် အမည်စာရင်း တင်သွင်းထားသည့် ပုဂ္ဂိုလ်နှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသည့် လွှတ်တော် ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် တိုင်းဒေကြီး လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (ပထမနေ့)ကို ၁၁ နာရီခွဲတွင် ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ကို စက်တင်ဘာ ၂၄ ရက် နံနက် ၁၀နာရီတွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြင့်မော်ထွန်း(ပြန်/ဆက်)



နိုင်ငံသားကောင်းမှ နိုင်ငံကောင်းမည်

ခင်လေး(ပြည်ထောင်စုနယ်မြေ)

ချစ်လှစွာသော မြန်မာမလေးရေ....

သမီးတို့ ပညာရေးကောလိပ်နောက်ဆုံးနှစ် သင်တန်းသူ ဆရာမလောင်းလေးတွေ မေးထားတဲ့မေးခွန်းလေးတွေနဲ့ပတ်သက်ပြီး တီလေး လေ့လာသိမြင်ရသလောက် ဖြေပေးလိုက်မယ်နော်။

အရင်ဦးဆုံးအနေနဲ့ စွမ်းအားနဲ့ စွမ်းအင်ရဲ့ အဓိပ္ပာယ်ကို တိတိကျကျပြောကြမယ်။ စွမ်းအင်က Energy၊ စွမ်းအားက Power၊ စွမ်းအင်ဆိုတာက အလုပ်တစ်ခုကို လုပ်ဆောင်နိုင်တဲ့စွမ်းရည်(Ability to do work)၊ စွမ်းအားဆိုတာက စွမ်းအင်ကိုအသုံးပြုတဲ့နှုန်း ဒါမှမဟုတ် အလုပ်လုပ်ဆောင်တဲ့အရှိန်နှုန်း (Rate of doing work)ပေါ့ကွယ်။

ခေတ်မီနည်းပညာနဲ့ **လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် စွမ်းအင်ကို စနစ်တကျသိလှောင်ခြင်းနဲ့ စွမ်းအားကို ထိထိရောက်ရောက် အသုံးပြုနိုင်ဖို့ သိပ်ကိုအရေးကြီးတယ်မဟုတ်လား။** သမီးတို့သိချင်တဲ့ "ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်"ဆိုတာကတော့ သဘာဝအလျောက် မကုန်ခန်းနိုင်ဘဲ ဆက်တိုက်ပြန်လည်ရရှိနိုင်တဲ့စွမ်းအင်ကို ခေါ်တာဖြစ်တယ်။

ဥပမာအနေနဲ့ပြောရရင်တော့ Solar လို့ခေါ်တဲ့ နေရောင်ခြည်စွမ်းအင်တို့၊ (Wind) လေစွမ်းအင်၊ (Hydro)ရေအားလျှပ်စစ်နဲ့ နောက်တစ်မျိုးက(Biomass) ဇီဝဒြပ်ထုစွမ်းအင်တို့ပေါ့သမီးရယ်။ အခုဆိုရင် Smart Meter တွေကိုအသုံးပြုလာတော့၊ မိတာဖတ်သူတွေက လူကိုယ်တိုင်ရောက်လာဖို့မလိုအပ်တော့ဘဲ မိတာခပမာဏနဲ့ သုံးစွဲမှုကိုအချိန်နဲ့စေ့ တိုင်းတာနိုင်တယ်။ နောက်တစ်ခုအနေနဲ့ဆိုရင် ဓာတ်အားပြတ်တောက်မှုကိုလည်း အလိုအလျောက်သတင်းပို့နိုင်တယ်။ အခုလို မိုးရာသီကာလမှာ လျှပ်စစ်ပိုင်ယာရှော့ဖြစ်တယ်ဆိုတဲ့ အန္တရာယ်ကိုလည်း သတိပေးချက်လေးအနေနဲ့ ထည့်ရေးသင့်တယ်။ အရည်အသွေးမီတဲ့ ပိုင်ယာကြိုးတွေနဲ့ မိန်းခလုတ်တွေကိုအသုံးပြုဖို့၊ မြေစိုက်ကြိုးကို စနစ်မှန်ကန်စွာထည့်သွင်းဖို့၊ သက်တမ်းလွန်နေတဲ့ မီးကြိုးတွေကို အသုံးမပြုဖို့ဆိုတဲ့အချက်တွေပေါ့ကွယ်။

နိုင်ငံတော်ရဲ့ဘဏ္ဍာငွေနဲ့ စီးပွားရေးကို ထိခိုက်စေ

နောက်ထပ်တစ်ချက်က ပိုက်ဆံအကုန်မခံရဘဲ လျှပ်စစ်မီးကို ရယူသုံးစွဲလို့ရတယ်ဆိုတဲ့လူတွေအကြောင်းပေါ့။ တစ်နည်းအားဖြင့်တော့ တရားမဝင် ဓာတ်အားရယူသုံးစွဲနေသူတွေရှိနေတယ်ဆိုတဲ့ အကြောင်းကိုလည်း သမီးလေးထည့်ရေးသင့်တယ်။ တရားမဝင် ဓာတ်အားသုံးစွဲမှုတွေကြောင့် နိုင်ငံတော်ရဲ့ဘဏ္ဍာငွေနဲ့ စီးပွားရေးကို ထိခိုက်စေရုံသာမကဘဲ လျှပ်စစ်မီးမမှန်ခြင်း၊ မီးဘေးအန္တရာယ် ကျရောက်ခြင်းဆိုတဲ့ဆိုးကျိုးတွေကို ဖြစ်ပေါ်စေတတ်တယ်ဆိုတဲ့ အကြောင်းကိုပါ ဖော်ပြနိုင်ရမယ်သမီး။

လက်ရှိအနေအထားမှာဆိုရင်လည်း တီလေးတို့ မြန်မာနိုင်ငံရဲ့ လျှပ်စစ်ကဏ္ဍမှာ ဓာတ်အားထုတ်လုပ်မှု၊ ပို့လွှတ်မှုနဲ့ ဖြန့်ဖြူးမှုအပိုင်းတွေမှာ စိန်ခေါ်မှုတွေအများကြီးရှိနေပါတယ် သမီးရေ။ နိုင်ငံတစ်ဝန်းမှာ ကြုံတွေ့နေရတဲ့ ဒီပြဿနာဆိုးကြီးကို တီလေးတို့ပြည်သူတစ်ရပ်လုံးက တာဝန်သိစိတ်နဲ့အတူ ပိုင်းဝန်းတားဆီးကာကွယ်ကြဖို့ လိုအပ်နေတယ်ဆိုတဲ့အကြောင်းပေါ့။ နောက်ထပ်သမီးလေးသိချင်တဲ့ Electricity Theft ဆိုတာ သက်ဆိုင်ရာလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနရဲ့တရားဝင်ခွင့်ပြုချက် ဒါမှမဟုတ် စာရင်းသွင်းမီတာတပ်ဆင်ထားခြင်းမရှိဘဲနဲ့ လျှပ်စစ်မီးလိုင်းတွေကနေ တိုက်ရိုက်ချိတ်ဆက်ပြီး ခိုးယူသုံးစွဲခြင်းကိုခေါ်တာဖြစ်တယ်။ တရားမဝင် ဓာတ်အားခိုးယူသုံးစွဲခြင်းလို့ခေါ်တာပေါ့ သမီးရယ်။

အဲဒီလို ခိုးယူသုံးစွဲနေသူတွေရှိတော့ အမှန်တကယ်မီတာတပ်ဆင်သုံးစွဲနေတဲ့ အများပြည်သူတွေဆီကို ဓာတ်အားအပြည့်အဝ မဖြန့်ဖြူးနိုင်တော့ဘူးလေ။ ဓာတ်အားမလုံလောက်မှုဆိုတဲ့ ပြဿနာနဲ့ရင်ဆိုင်ကြရတာပေါ့ သမီးရယ်။ ဓာတ်အားကို ခိုးယူသုံးစွဲနေသူတွေဟာလည်း မိတာခမပေးဆောင်ရတဲ့အတွက် ဓာတ်အားကို အတိုင်းအဆမရှိ အလွန်အကျွံသုံးစွဲကြလိမ့်မယ်။ ဒီလိုသုံးစွဲကြတဲ့အခါ မှာဖြစ်တတ်တဲ့အခြေအနေတွေက ထရန်စဖော်မာတွေ ဝန်အားမနိုင်ဘဲ လောင်ကျွမ်းပျက်စီးကြတာမျိုး၊ လျှပ်စစ်ဓိုအားကျဆင်းပြီး တစ်ရပ်ကွက်လုံးမီးပြတ်တောက်သွားတာမျိုးပေါ့။ တရားဝင်သုံးစွဲနေတဲ့သူတွေအတွက် စိတ်အနောင့်အယှက်ဖြစ်ရသလို မီးလောင်မှု၊ ဓာတ်လိုက်မှုဆိုတဲ့ အန္တရာယ်တွေနဲ့လည်း ကြုံတွေ့နိုင်တာပေါ့ကွယ်။

"လက်ရှိအနေအထားမှာဆိုရင်လည်း တီလေးတို့ မြန်မာနိုင်ငံရဲ့ လျှပ်စစ်ကဏ္ဍမှာ ဓာတ်အားထုတ်လုပ်မှု၊ ပို့လွှတ်မှုနဲ့ ဖြန့်ဖြူးမှုအပိုင်းတွေမှာ စိန်ခေါ်မှုတွေအများကြီးရှိနေပါတယ် သမီးရေ။ နိုင်ငံတစ်ဝန်းမှာ ကြုံတွေ့နေရတဲ့ ဒီပြဿနာဆိုးကြီးကို တီလေးတို့ပြည်သူတစ်ရပ်လုံးက တာဝန်သိစိတ်နဲ့အတူ ပိုင်းဝန်းတားဆီးကာကွယ်ကြဖို့ လိုအပ်နေတယ်ဆိုတဲ့အကြောင်းပေါ့။ နောက်ထပ်သမီးလေးသိချင်တဲ့ Electricity Theft ဆိုတာ သက်ဆိုင်ရာလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနရဲ့တရားဝင်ခွင့်ပြုချက် ဒါမှမဟုတ် စာရင်းသွင်းမီတာတပ်ဆင်ထားခြင်းမရှိဘဲနဲ့ လျှပ်စစ်မီးလိုင်းတွေကနေ တိုက်ရိုက်ချိတ်ဆက်ပြီး ခိုးယူသုံးစွဲခြင်းကိုခေါ်တာဖြစ်တယ်။ တရားမဝင် ဓာတ်အားခိုးယူသုံးစွဲခြင်းလို့ခေါ်တာပေါ့"

နည်းပညာနဲ့တားဆီးနိုင်ဖို့
Smart Meter တွေတပ်ဆင်

နိုင်ငံသားကောင်းမှ နိုင်ငံကောင်းမှာဖြစ်တယ်၊ ဓာတ်အားခိုးယူသုံးစွဲခြင်းဟာ နိုင်ငံသားကောင်းတွေရဲ့လုပ်ရပ်မဟုတ်ဘူးသမီးလေးရဲ့။ ဥပဒေအရ ပြင်းထန်စွာအရေးယူခံရနိုင်တဲ့ လုပ်ရပ်မျိုးဖြစ်တယ်။ မသမာမှုကို ရည်ရွယ်ချက်ရှိရှိလုပ်နေကြတဲ့ ဓာတ်အားခိုးယူသုံးစွဲသူတွေကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက နည်းပညာနဲ့တားဆီးနိုင်ဖို့ လက်ရှိအခြေအနေမှာဆိုရင်တော့ Smart Meter တွေတပ်ဆင်ပေးတာတို့၊ Advanced Metering Infrastructure (AMI) System တွေကို တိုးချဲ့တည်ဆောက်တာတို့၊ Supervisory Control And Data Acquisition (SCADA) နဲ့ အလိုအလျောက်ဓာတ်အားဖြန့်ဖြူးပေးနိုင်တဲ့စနစ်တွေကို အဆင့်မြှင့်တင်ခြင်း စတာတွေကလည်း အရှိန်အဟုန်နဲ့ဆောင်ရွက်နေကြတယ်။ နိုင်ငံတစ်ဝန်းလုံးအတွက်လည်း အပြည့်အဝ Digital Grid အဖြစ်ပြောင်းလဲဖို့ပေါ့ကွယ်။

နောက်ပြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရာ လမ်းတစ်လျှောက်မှာ ဖြစ်တတ်တဲ့ နည်းပညာပိုင်းဆိုင်ရာဆုံးရှုံးမှုတွေ၊ ခွင့်ပြုချက်မရှိဘဲ သုံးစွဲခြင်းစတဲ့ လျှပ်စစ်ဓာတ်အားဆုံးရှုံးမှုတွေကို စမတ်ဂရစ် SCADA လို့ခေါ်တဲ့ အဝေးကကြည့်ရှုကွပ်ကဲနိုင်တဲ့စနစ်နဲ့ အလိုအလျောက် ထိန်းချုပ်ကွပ်ကဲမှုစနစ် Grid Automation တွေနဲ့ချက်ချင်းဖော်ထုတ်တားဆီးနိုင်တော့မှာပါသမီးလေး။ အဲဒီလို စောင့်ကြပ်ကြည့်ရှုနိုင်မယ်ဆိုရင်တော့ အကျိုးကျေးဇူးက လျှပ်စစ်ကဏ္ဍမှာ ဝင်ငွေတိုးတက်ရရှိလာမယ်၊ ဒါဆိုရင်နိုင်ငံတော်မှာနောက်ထပ်တိုးချဲ့တည်ဆောက်မယ့် စီမံကိန်းလုပ်ငန်းသစ်တွေလည်း ပိုမိုအားကောင်းလာမယ်၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်ဖို့အတွက်လည်း အထောက်အကူကောင်းတစ်ခု ဖြစ်လာနိုင်မယ်မဟုတ်လားကွယ်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအနေနဲ့လည်း ပြည်ပခရီးစဉ်တွေမှာ ဓာတ်အားဖြန့်ဖြူးရေးစနစ် ပိုမိုတိုးတက်စေဖို့နဲ့ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ဖို့အတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် JSC "System Operator of the United Power System of Russia" အဖွဲ့၊ ထိုင်းနိုင်ငံ Electricity Grneration Authority of Thailand(EGAT)၊ တရုတ်နိုင်ငံ China Southern Power Grid_Lanchang Mekhong International Co.,Ltd.(CSG LMI)တို့နဲ့ ဆွေးနွေးတိုင်ပင်ခဲ့တယ်ဆိုတာ ရုပ်မြင်သံကြားသတင်းမှာရော နိုင်ငံပိုင်နေ့စဉ်သတင်းစာတွေမှာပါ ဖော်ပြထားတယ်လေ သမီး။ ဒီလိုအဖွဲ့အစည်းတွေနဲ့ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်နေတဲ့အတွက်လည်း ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတွေရဲ့စနစ်တွေ အရင်ကထက် တိုးတက်ကောင်းမွန်လာတယ်၊ လျှပ်စစ်ဓာတ်အားခိုးယူသုံးစွဲမှုတွေကို

"လူသားအရင်းအမြစ်ကို အခြေပြုပြီး ဆောင်ရွက်နေကြတဲ့ လုပ်ငန်းတိုင်းမှာ အများနဲ့အမှန်ဆိုတာလည်းရှိမယ်၊ အကောင်းအဆိုးဆိုတာလည်းရှိမယ်၊ အများတွေနည်းပြီး အမှန်တွေများများလာဖို့၊ အဆိုးတွေနည်းပြီး အကောင်းတွေများများလာဖို့ အပြုသဘောဆောင်တဲ့ စိတ်ဓာတ်တွေ၊ လုပ်ရပ်တွေရှိဖို့လိုအပ်တယ်သမီးရဲ့။ တီလေးတို့ရဲ့နိုင်ငံကို အဘက်ဘက်က ပြန်လည်တည်ဆောက်နေကြရတဲ့ အခုလိုအချိန်ကာလမှာ အပျက်သဘောဆောင်တဲ့ စိတ်ဓာတ်နဲ့ လုပ်ရပ်တွေကို ရပ်တန်းကရပ်ကြဖို့သင့်ပါပြီ"

ဖော်ထုတ်လာနိုင်ရုံသာမကဘဲ အနာဂတ်မှာလည်း ဓာတ်အားခိုးသုံးမှုဆိုတဲ့နိုင်ငံသားကောင်းမဝီသတဲ့လုပ်ရပ်တွေ လုံးဝပပျောက်သွားတဲ့အထိ ဆောင်ရွက်နိုင်တော့မယ်လို့ ယုံကြည်မိတယ်။

လျှပ်စစ်နဲ့စွမ်းအင်ဟာ တိုင်းပြည်တစ်ပြည်ရဲ့ စက်မှုလက်မှုလုပ်ငန်းတွေ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေမှာသာမကဘဲ ပညာရေး၊ ကျန်းမာရေးနဲ့ ဘာသာရေးကိစ္စတွေကအစ၊ အဆင်ပြေပြေလည်ပတ်နိုင်ဖို့အထိ လူမှုဘဝတွေကို အလင်းရောင်ပေးနေတဲ့ ဌာနတစ်ခုလို့မြင်နိုင်ရမယ်။

လူသားအရင်းအမြစ်ကိုအခြေပြုပြီး ဆောင်ရွက်နေကြတဲ့ **လုပ်ငန်းတိုင်းမှာ အများနဲ့အမှန်ဆိုတာလည်းရှိမယ်၊ အကောင်းအဆိုးဆိုတာလည်းရှိမယ်၊ အများတွေနည်းပြီး အမှန်တွေများများလာဖို့၊ အဆိုးတွေနည်းပြီး အကောင်းတွေများများလာဖို့ အပြုသဘောဆောင်တဲ့စိတ်ဓာတ်တွေ၊ လုပ်ရပ်တွေရှိဖို့လိုအပ်တယ်သမီးရဲ့။** တီလေးတို့ရဲ့

နိုင်ငံကို အဘက်ဘက်က ပြန်လည်တည်ဆောက်နေကြရတဲ့အခုလို အချိန်ကာလမှာ၊ အပျက်သဘောဆောင်တဲ့ **စိတ်ဓာတ်နဲ့လုပ်ရပ်တွေကို ရပ်တန်းကရပ်ကြဖို့သင့်ပါပြီဆိုတဲ့အကြောင်းကိုလည်း အလေးအနက်ဖော်ပြနိုင်ရမယ်နော်သမီး။**

သက်ဆိုင်ရာလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနအနေနဲ့ ဒေသန္တရအာဏာပိုင်တွေ ပူးပေါင်းပါဝင်တဲ့ အထူးစစ်ဆေးရေးအဖွဲ့တွေကို ဖွဲ့စည်းပြီးတော့ စက်မှုဇုန်တွေ၊ အလုပ်ရုံတွေနဲ့ လူစည်ကားတဲ့ရပ်ကွက်တွေမှာ ဖြန့်ဖြူးရေးလိုင်းတွေ၊ မီတာတွေကို စနစ်တကျနဲ့ ပုံမှန်ကွင်းဆင်းစစ်ဆေးမှုတွေပြုလုပ်တာ၊ လျှပ်စစ်ဥပဒေတွေနဲ့အကျုံးဝင်တဲ့ပြစ်ဒဏ်တွေကို တိတိကျကျ ကျင့်သုံးဆောင်ရွက်တာ၊ တရားမဝင် ဓာတ်အား ခိုးယူသုံးစွဲတာတွေကို ခြွင်းချက်မရှိ တရားစွဲဆိုအရေးယူခြင်းနဲ့ ဒဏ်ငွေရိုက်တာတွေကို ဥပဒေနဲ့အညီ တင်းကျပ်စွာဆောင်ရွက်ခြင်းတွေ၊ ပြည်သူတွေအနေနဲ့လည်း ကိုယ့်ရဲ့ပတ်ဝန်းကျင်မှာရှိနေတဲ့၊ တရားမဝင်ဓာတ်အားခိုးယူသုံးစွဲခြင်းတွေကို လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်အောင်၊ လွယ်ကူတဲ့စနစ်တွေကိုဖန်တီးပေးတာတွေ၊ တရားမဝင်လုပ်ဆောင်နေတဲ့သူတွေကို အများပြည်သူသိရှိအောင် ဖော်ထုတ်အရေးယူတာမျိုးတွေကအစပေါ့ သမီးရယ်။

လျှပ်စစ်ဝန်ထမ်းတွေအနေနဲ့လည်း သုံးစွဲသူတွေနဲ့ပူးပေါင်းပြီး တရားမဝင်လိုင်းဆွဲခွင့်ပြုခြင်း၊ လာဘ်ပေးလာဘ်ယူပြုလုပ်ခြင်းမျိုးတွေမရှိစေဖို့အတွက် ဌာနတွင်းစစ်ဆေးကြပ်မတ်ရေးကို တင်းတင်းကျပ်ကျပ်လုပ်ဆောင်ပြီး ဖြစ်မှုကျူးလွန်တဲ့ဝန်ထမ်းတွေကို ဥပဒေအရထိထိရောက်ရောက်အရေးယူဖို့တွေကိုပါဆောင်ရွက်နေကြပြီဆိုတဲ့အကြောင်း သမီးလေးသိစေချင်ပါတယ်။ တကယ်တော့လေ လျှပ်စစ်ဓာတ်အားကို တရားမဝင်ခိုးယူသုံးစွဲခြင်းဟာ အခမဲ့ရရှိလိုက်တဲ့အရာတစ်ခုဖြစ်ပေမယ့် အသက်အိုးအိမ်စည်းစိမ်နဲ့မိသားစုရဲ့အနာဂတ်ကို ဖျက်ဆီးပစ်နိုင်တဲ့ ရာဇဝတ်မှုတစ်ခုပါသမီးလေး။ သမီး စာထဲမှာမပါတဲ့အချက်အလက်လေးတွေကိုပါ တီလေးဖြေပေးလိုက်တယ်။ လိုအပ်တဲ့အချက်အလက်ကိုထည့်ပြီးရေးပေါ့ကွယ်။

ဒီတစ်ပတ်တော့ တီလေးရေးတဲ့ စာလည်းရှည်သွားပြီ။ ထုံးစံအတိုင်းမြန်မာမလေးကိုနှုတ်ဆက်ချင်တဲ့ စေတနာစကားလေးတစ်ခွန်းရှိတယ်။ **သမီးလေးရေ နိုင်ငံသားကောင်းမှ နိုင်ငံကောင်းမှာဖြစ်လို့၊ အနာဂတ်မှာ နိုင်ငံတော်ကြီးရဲ့တာဝန်တွေကို ပခုံးပြောင်းယူကြရမယ့်မျိုးဆက်သစ်လူငယ်လေးတွေကို သမီးတို့က အတန်းပညာရပ်တွေ၊ အတတ်ပညာရပ်တွေသာမကဘဲ စိတ်ဓာတ်ကောင်းတွေကိုပါ လက်ဆင့်ကမ်းပေးနိုင်တဲ့ ဥယျာဉ်မှူးကောင်းတစ်ယောက်ဖြစ်ပါစေလို့** ဆုတောင်းပေးလိုက်ပါတယ်။

ချစ်တဲ့ တီလေး။

"လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့" အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ဆက်လက်ကျင်းပ



နေပြည်တော် စက်တင်ဘာ ၂၂

နိုင်ငံ့ထုတ်ကုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေး ထွက်ကုန်အခြေခံသည့် စက်မှုလုပ်ငန်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဘဏ္ဍာရေးဝန်ဆောင်မှုများ ရရှိရေး၊ ရင်းနှီးမြှုပ်နှံမှု တိုးတက်ရေး၊ နည်းပညာရရှိရေးနှင့် ပြည်ပပို့ကုန် တိုးတက်တင်ပို့နိုင်ရေး ရည်ရွယ်ချက်များဖြင့် ကျင်းပသည့် "လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန် တိုးတက်မှုသို့" အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ၏ ကဏ္ဍအလိုက် စာတမ်းဖတ်ပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁)(MICC-1) ၌ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းတွင် ကျင်းပသည့် ကဏ္ဍအလိုက် စာတမ်းဖတ်ပွဲများတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲထွန်းဝင်း၊ စက်မှုနှင့် အသေးစား၊ အလတ်စား၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းတို့ ဦးဆောင်သော သဘာပတိအဖွဲ့များက လယ်ယာ၊ သားငါး၊ စက်မှု၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ပို့ကုန်ကဏ္ဍတို့မှ နိုင်ငံ့ထုတ်ကုန် တိုးမြှင့်ရေးတို့အတွက် ကဏ္ဍအလိုက် လက်ရှိဆောင်ရွက်မှု အခြေအနေနှင့် ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်သင့်သည့် အခြေအနေများကို ဆွေးနွေးကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

မွန်ပွဲပိုင်းတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးစီးရှိ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း၊ စက်မှုနှင့် အသေးစား၊အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံတို့ပါဝင်သော ဦးဆောင်သဘာပတိအဖွဲ့က အလုပ်ရုံဆွေးနွေးပွဲတွင် ကဏ္ဍအလိုက် ဖတ်ကြားခဲ့ကြသည့် စာတမ်းများအပေါ် သုံးသပ်ဆွေးနွေးကြပြီး မိဒီယာများ၏ မေးမြန်းချက်များကို ဖြေကြားကာ အကောင်အထည်ဖော် ဆောင်ရွက်သင့်သည့် ရှေ့လုပ်ငန်းစဉ်များကို အတည်ပြုကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က နိဂုံးချုပ်အမှာစကား ပြောကြားပြီး "လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့" အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

စီမံချက်လုပ်ငန်းအစီအစဉ်များ မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနနှင့် Terre des hommes–Lousanne Country office Myanmar တို့ ပူးပေါင်းဆောင်ရွက်သည့် စီမံချက်လုပ်ငန်းအစီအစဉ် မိတ်ဆက်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် Sky Hotel ခန်းမ၌ ကျင်းပသည်။

ဦးစွာ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး Tdh-L အဖွဲ့မှ စီမံချက်မန်နေဂျာက Tdh-L အဖွဲ့မှ အကောင်အထည်ဖော်ဆောင်နေသည့် စီမံချက်များအကြောင်းနှင့် Tdh-L တာဝန်ရှိသူတစ်ဦးက မိသားစုပြန်လည်ပေါင်းစည်းဝင်ဆံ့ရေး လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။

ထို့နောက် စီမံချက်၌ လိုအပ်သောကြီးကြပ်ပံ့ပိုးမှုများဖြင့် ဘဝရပ်တည်နေထိုင်နိုင်ရေးလုပ်ငန်းစဉ်၊ အခြားနည်းလမ်းများဖြင့် ပြုစုစောင့်ရှောက်ခြင်းနှင့် ကလေးသူငယ်များ တရားမျှတမှုလက်လှမ်းမီရေး လုပ်ငန်းစဉ်များကို Tdh-L အဖွဲ့ တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ရန်ကင်းမြို့နယ်၌ သမဝါယမအသင်းစုလိမ်တက် အမှုဆောင်အဖွဲ့သစ် ပြန်လည်ရွေးချယ်

ရန်ကုန် စက်တင်ဘာ ၂၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် သမဝါယမအသင်းစုလိမ်တက်၏၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက (၅)ရပ်ကွက် ဓမ္မိကမဓ္ဓာရုံ၌ ကျင်းပသည်။

အစည်းအဝေးတွင် သမဝါယမအသင်းစုလိမ်တက်ဥက္ကဋ္ဌနှင့် မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နုင်းနှင်းအေးတို့က အမှာစကား ပြောကြားသည်။

ဆက်လက်၍ အသင်းအမှုဆောင်များက ဒါရိုက်တာ အဖွဲ့အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းတို့ကို ဖတ်ကြားတင်ပြပြီး တိုင်းအဆင့်ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းအေးက အသင်းအမှုဆောင်များအား ဥပဒေနှင့်အညီ ရွေးချယ်ခဲ့ကြောင်း သိရသည်။

လှလှထွေး(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ကျေးလက်ဒေသအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ဝင်ကျေးရွာရှိ ဆယ်အိမ်စုမှူးများနှင့်တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ကျေးလက်ဒေသအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ဝင် ဆယ်အိမ်စုမှူးများနှင့်



တွေ့ဆုံခြင်းကို ယမန်နေ့တွင် ကုလားကုန်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းမဓ္ဓာရုံ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နင်းဇာခြည်ဦးက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ခင်ဆွေရည်မြင့်က ကဏ္ဍကြီး(၅)ရပ်အား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကုလားကုန်း (ဦးထွန်းလှ)ကျေးရွာရှိ ဆယ်အိမ်စုမှူးများထံသို့ အမှိုက်ခြင်းတောင်းများ၊ တံမြက်စည်းများ၊ အမှိုက်အိတ်များ ပေးအပ်ပြီး ကျေးရွာအတွင်းရှိ သက်ကြီးဘိုးဘွားများအား အလှူငွေ၊ ဆေးဝါးနှင့် အာဟာရပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ကောင်းမြတ်သူ(မှော်ဘီ)

လေးမျက်နှာမြို့နယ်၌ သန့်ရှင်းရေးဆောင်ရွက်

လေးမျက်နှာ စက်တင်ဘာ ၂၂

ဧရာဝတီ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဦးစီးမှူး ညွှန်ကြားရေးမှူးက အနီးကပ်ကြီးကြပ်၍ လေးမျက်နှာမြို့နယ် အိုင်သပြုကျေးရွာ ကွင်းလယ်ဘုန်းကြီးကျောင်းကို ယနေ့နံနက်ပိုင်းကသန့်ရှင်းရေး ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကွင်းလယ်ဘုန်းတော်ကြီးကျောင်း



သာယာလှပစေရေးအတွက် ရေကျသွား၍ တင်ကျန်ရစ်သောနုန်းများ သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် ကျောင်းပတ်ဝန်းကျင် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ခြင်းတို့ကို မီးသတ်တပ်ဖွဲ့ဝင် ၃၀ က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဧရာဦးသာ

(၂၂-၉-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးချေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၆၅.၂ ~ ၃၆၆၇	၅၅၇.၉ ~ ၅၅၈.၁	၁၂၅.၃ ~ ၁၂၅.၄	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၈,၅၃၂,၁၉၂.၉၉	၄,၈၈၂,၆၆၂.၆၉	၁၀၀,၃၀၀,၃၇၅.၇၂	-

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ပြည်နယ်အဆင့် ယူရီးယားမြေဩ ဝယ်ယူဖြန့်ဖြူးရောင်းချရေး လုပ်ငန်းကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



မော်လမြိုင် စက်တင်ဘာ ၂၂

မွန်ပြည်နယ်အဆင့် ယူရီးယားမြေဩ ဝယ်ယူဖြန့်ဖြူးရောင်းချရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည်။

ဦးစွာပြည်နယ်အဆင့် ယူရီးယားမြေဩဝယ်ယူဖြန့်ဖြူးရောင်းချရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းက အမှာစကား ပြောကြားပြီး ကော်မတီဒုတိယ ဥက္ကဋ္ဌ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး၊ ကော်မတီအတွင်းရေးမှူး နှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က ယူရီးယားမြေဩဝယ်ယူဖြန့်ဖြူးရောင်းချရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကော်မတီဝင်များက ယူရီးယားမြေဩဝယ်ယူဖြန့်ဖြူးရောင်းချရေး သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးတင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် မွန်ပြည်နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဒေသဆိုင်ရာလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဒေသဆိုင်ရာလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး ဆပ်ကော်မတီအတွင်းရေးမှူးများက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၀ ရက်က နတ်မောက်မြို့ ဘုရားကြီးကျောင်းတိုက်အတွင်း နတ်မောက်မြို့နယ် ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဒေါ်မြင့်သူ ဦးဆောင်၍ တပ်ဖွဲ့ဝင်၊ စာရေးဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ လှဝင်း



(၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ အမှတ်(၂)ရပ်ကွက် မန္တလေးဘုန်းတော်ကြီးကျောင်း၌ စက်တင်ဘာ ၂၂ ရက်က သုံးခွမြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလွင်သက်အောင်နှင့် တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



(၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းက မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးသက်နိုင် ဦးဆောင်သောအဖွဲ့တို့က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၀ ရက်တွင် ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးအောင်စိုးမိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဇေယျ၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးဝင်းဇော်တို့ ဦးစီး၍ တပ်ဖွဲ့ဝင် ၃၄ ဦးတို့က ရန်ကုန်-ပြည် ရထားလမ်းဘေးဝဲ/ယာရှိ မြက်များ၊ ချုံနွယ်များ စုပေါင်းရှင်းလင်းစဉ်။ ဝေယံဖြိုး(ပြန်/ဆက်)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၂ ရက်က ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ရဲတပ်ဖွဲ့ဝင်များက သန်လျင်ပြည်သူ့ဆေးရုံကြီး၌ သွေးလှူဒါန်းကြရာ တပ်ဖွဲ့ဝင်များအား ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်ဌေးက အာဟာရဖြည့်စွက်စာများ ပေးအပ်စဉ်။ သန်းဝင်း(သန်လျင်)

ဖလမ်းမြို့ ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း ပြန်လည်ဖွင့်လှစ်ရန်ပြင်ဆင်



ချင်း စက်တင်ဘာ ၂၂

ဖလမ်းမြို့ ကျင်မွာလရပ်ကွက်ရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်းတွင် စက်ရက်ကန်း၊ လက်ရက်ကန်းနှင့် ရိုးရာဂျပ်ခုတ် သင်တန်းများ ဖွင့်လှစ်နိုင်ရန် ပြင်ဆင် ဆောင်ရွက်လျက်ရှိပြီး လက်ရက်ကန်းနှင့် ရိုးရာဂျပ်ခုတ် သင်တန်း တက်ရောက်လိုသူများ အနေဖြင့် ကြုံတင်စာရင်းပေးထားနိုင်ပြီဖြစ်ကြောင်း သိရသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သန့်ဇော်လွင်သည် ယနေ့နံနက်ပိုင်းတွင် ချင်းပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဦးဝင်းဇော်ဦး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ အဆိုပါ ကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ခံနည်းပြ ဆရာမက သင်တန်းသုံးကိရိယာများ ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများနှင့် သင်တန်းသား ခေါ်ယူမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ လက်ရက်ကန်းကျောင်းအဆောက်အအုံ၊ ရက်ကန်းသင်တန်းသား အမျိုးသားအဆောင်၊ ရက်ကန်းသင်တန်းသား အမျိုးသမီးအဆောင်၊ နည်းပြနေအိမ်၊ နှစ်ခန်းတွဲဝန်ထမ်းအိမ်ရာနှင့် ကျောင်းအုပ်နေအိမ် ပြုပြင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ သွားရောက်ပြီး ရုံးအဆောက်အအုံ၊ ကျောင်းအုပ်နေအိမ်၊ စတုဂံဆောင်၊ သင်တန်းသားအိပ်ဆောင်များနှင့် စားရိပ်သာအဆောက်အအုံပြုပြင် နေမှုများကိုလည်းကောင်း၊ မြို့နယ်ပညာရေးမှူးရုံး အဆောက်အအုံ ပြုပြင်ပြီးစီးမှု၊ ရုံးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဝန်ထမ်းအိမ်ရာများ ပြုပြင်နေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပစ္စည်းအရည်အသွေး၊ လုပ်ငန်းအရည်အသွေးများ စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိရေး၊ သတ်မှတ်ကာလအတွင်း လုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းမှာကြားသည်။

ထို့နောက် တောင်တန်းသာသနာပြု ဆရာတော် အဘိဓေအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဦးဌဋ္ဌမသာရတည်ထားကိုးကွယ်ခဲ့သော ရန်ပြေမာန်ပြေအောင်တော်မူ ဓာတ်ပေါင်းစု ဆုတောင်းပြည့်စေတိတော် မွမ်းမံပြင်ဆင်ရန်အတွက် အလှူရှင်များ၏ လှူဒါန်းငွေများကို ပေးအပ်လှူဒါန်းသည်။

ရန်ပြေမာန်ပြေအောင်တော်မူ ဓာတ်ပေါင်းစု ဆုတောင်းပြည့် စေတီတော်ကြီးသည် ၁၉၉၅ ခုနှစ် မတ် ၂၂ ရက်တွင် တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ စေတီတော်ကြီး၏ ထုံးသင်္ဃန်းများမှိန်လျော့နေခြင်း၊ စောင်းတန်းများ ပျက်စီးနေခြင်းနှင့်အတူ စေတီတော်ရှိ ခြသေ့နှစ်ကောင်၊ အဆင်းလေ့ကားများ၊ ဆရာတော်ကြီး၏ ရုပ်တုနှင့် အဝင်မုခ်ဦးများ ဆေးသုတ်ရန် လိုအပ်လျက်ရှိသည့် အတွက် အလှူငွေများ ကောက်ခံလှူဒါန်းခြင်းဖြစ်ကြောင်း၊ ဖလမ်းမြို့ ရန်ပြေမာန်ပြေအောင်တော်မူ ဓာတ်ပေါင်းစု ဆုတောင်းပြည့် စေတီတော်ကြီး ဘက်စုံပြုပြင် မွမ်းမံရန်အတွက် စေတနာရှင် ပြည်သူများအနေဖြင့် ဦးမင်းမင်း လတ် ဖုန်း ၀၉ - ၄၄၈၁၉၇၈၀၇၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

ရုရှားနိုင်ငံ၏ အာကာသဆိုင်ရာလုပ်ငန်းသည် နိုင်ငံ၏ အဓိကစီးပွားရေးကဏ္ဍများကို အထောက်အကူပြုနေ



မော်စကို စက်တင်ဘာ ၂၂

ရုရှားနိုင်ငံ၏ အာကာသဆိုင်ရာလုပ်ငန်းသည် နိုင်ငံ၏ အဓိကစီးပွားရေးကဏ္ဍများကို အထောက်အကူပြုနေကြောင်း ဝန်ကြီးချုပ် မိခေးမီရှူစတင်က စက်တင်ဘာ ၂၂ရက်တွင် ပြောကြားခဲ့သည်။

လက်ရှိတွင် လူလိုက်ပါသည့် အာကာသယာဉ် အစီအစဉ်များကို အဆင့်မြှင့်တင် အကောင်အထည်ဖော် ဆောင်ရွက်နေပြီး ၎င်းအစီအစဉ်တွင် သယ်ယူပို့ဆောင်ရေးဆိုင်ရာ အာကာသယာဉ်သစ်တစ်စင်း တည်ဆောက်ခြင်းနှင့် အနာဂတ်တွင် နိုင်ငံတကာ အာကာသစခန်းနေရာ၌ အစားထိုးဝင်ရောက် တာဝန်ထမ်းဆောင်မည့် ရုရှားနိုင်ငံ၏ ကိုယ်ပိုင်အာကာသ စခန်း (Russian Orbital Station) တည်ဆောက်ခြင်းတို့ ပါဝင်သည်ဟု ရုရှားအာကာသအေဂျင်စီ အကြီးအကဲ ဒီမီထရီဘာကာနော့ဗ်နှင့် ပြုလုပ်သည့် အစည်းအဝေးတွင် ၎င်းက ပြောကြားသည်။

အာကာသလုပ်ငန်း ကဏ္ဍသည် နိုင်ငံ၏ စီးပွားရေးဆိုင်ရာ အဓိကကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွန်းအားတစ်ခုအဖြစ် ဆောင်ရွက်ပေးနေသည်ဟု ၎င်းက ပြောကြားခဲ့သည်။ လက်ရှိအချိန်တွင် မြောက်ပိုင်း ပင်လယ်လမ်းကြောင်း၌ ရာသီဥတုနှင့် ရေခဲပြင်အခြေအနေစောင့်ကြည့်ရေးဂြိုဟ်တုများ လွှတ်တင်ကာ လုပ်ငန်းများ ဆောင်ရွက်နေပြီး အာကာသဆိုင်ရာစူးစမ်းလေ့လာရေးလုပ်ငန်းများကိုလည်း ပုဂ္ဂလိက ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း ၎င်းက ပြောကြားသည်။

ရုရှားနိုင်ငံသည် ယခုနှစ်အတွင်း ဆက်သွယ်ရေး၊ အာကာသပတ်လမ်းကြောင်းပြစနစ်နှင့် ကမ္ဘာမြေ စောင့်ကြည့်လေ့လာရေးဆိုင်ရာ ဂြိုဟ်တုများအပါအဝင် အာကာသယာဉ်နှင့် ဂြိုဟ်တု စုစုပေါင်း ၆၀ နီးပါးကို အာကာသပတ်လမ်းအတွင်းသို့ လွှတ်တင်ခဲ့ပြီး စုစုပေါင်းအရေအတွက်မှာ ၄၀၀ နီးပါးအထိ ရှိလာပြီဖြစ်ကြောင်း ဒီမီထရီဘာကာနော့ဗ်က ပြောကြားခဲ့သည်။

ဆင်ဟွာ

ဗျပန်နိုင်ငံ၌ တိုင်ဖွန်းမုန်တိုင်း ဒူဂျမ် ဝင်ရောက်တိုက်ခတ်



တိုကျို စက်တင်ဘာ ၂၂

ဗျပန်နိုင်ငံ၌ တိုင်ဖွန်းမုန်တိုင်း ဒူဂျမ် ဝင်ရောက်တိုက်ခတ်မှုကြောင့် ကန်တိုနှင့် တိုကျိုကျွန်းဒေသတို့တွင် စံချိန်တင်ပိုးရွာသွန်းမှုများရှိခဲ့ပြီး ရေကြီးရေလျှံခြင်းနှင့် မြေပြိုခြင်းများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

တိုင်ဖွန်းမုန်တိုင်း ဒူဂျမ်သည် ဗျပန်နိုင်ငံအတွင်းမှ လက်ရှိအချိန်တွင် ထွက်ခွာသွားပြီးဖြစ်သော်လည်း နိုင်ငံသားများ အနေဖြင့် သဘာဝဘေးများအတွက် သတိပြုနေထိုင်ကြရန် တာဝန်ရှိသူများက သတိပေးပြောကြားသည်။ ချီဘာစီရင်စု ဆာကူရာမြို့ရှိ လူနေထိုင်ရာဒေသများတွင် စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းက ရေကြီးရေလျှံမှုများ ဖြစ်ခဲ့ကြောင်းနှင့် ကာနာဂါဝါစီရင်စု ယိုကိုဆူကာမြို့တွင်လည်း မြေပြိုမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ စီရင်စုအတွင်းရှိ အဆောက်အအုံတစ်ခုမှာလည်း ရွံ့နံ့ပြိုမှု ဒဏ်ခံခဲ့ရပြီး ၎င်းအဆောက်အအုံတွင် နေထိုင်သည့် အသက် ၂၀ အရွယ်ရှိ အမျိုးသမီးမှာ ပျောက်ဆုံးခဲ့သည်။ ချီဘာစီရင်စုအတွင်းဖြစ်ပွားသည့် မြေပြိုမှုများတွင် ဒေသခံငါးဦးသေဆုံးကာ နှစ်ဦးမှာ ပျောက်ဆုံးပြီး ၎င်းတို့သည် သဘာဝဘေးအန္တရာယ်ဖြစ်ပွားနေစဉ် နေအိမ်အတွင်း၌ ရှိနေခဲ့သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

အင်ကန်အိတ်ချ်ကေ

ဗီယက်နမ်အစိုးရ အမျိုးသားအဆင့် အီလက်ထရွန်နစ် အထောက်အထားစိစစ်ရေး အက်ပလီကေးရှင်းအား အာဆီယံနိုင်ငံများနှင့် ချိတ်ဆက်ရန် ဆောင်ရွက်

ဟန္ဒိုင်း စက်တင်ဘာ ၂၂

ဗီယက်နမ်အစိုးရသည် ၎င်း၏ အမျိုးသားအဆင့် အီလက်ထရွန်နစ် အထောက်အထားစိစစ်ရေး အက်ပလီကေးရှင်း VNeID အား စင်ကာပူနှင့် လာအိုနိုင်ငံတို့ရှိ အီလက်ထရွန်နစ် အထောက်အထားစိစစ်ရေးစနစ်များနှင့် ချိတ်ဆက်ရန်ဆောင်ရွက်မည်ဖြစ်ပြီး အာဆီယံနိုင်ငံများသို့လည်း ၎င်းချိတ်ဆက်မှုကို တဖြည်းဖြည်းချင်း ချဲ့ထွင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစိုးရ၏ သတင်းအချက်အလက် ဝက်ဘ်ဆိုက်က စက်တင်ဘာ ၂၂ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ယခုဆောင်ရွက်သည့် အစီအစဉ်အရ နယ်စပ်ဂိတ်များတွင် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းများအား လွယ်ကူချောမွေ့စေရေးဆောင်ရွက်ခြင်းဖြစ်ကာ နိုင်ငံသားများအချင်းချင်း ကူးလူးဆက်သွယ်မှုနှင့် ဒေသတွင်း ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုများအား မြှင့်တင်ရေးဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအစီအစဉ်အရ ဗီယက်နမ်နိုင်ငံသည် မြို့တော်ဟန္ဒိုင်းရှိ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် နိုင်ငံတောင်ပိုင်းစီးပွားရေးဗဟိုချက်ဖြစ်သော ဟိုချီမင်းစီးတီးရှိ Tan Son Nhat အပြည်ပြည်ဆိုင်ရာလေဆိပ်တို့တွင် စင်ကာပူ၊ လာအိုနိုင်ငံတို့နှင့် အီလက်ထရွန်နစ် အထောက်အထားစိစစ်ရေးဆိုင်ရာ အချက်အလက်များ ချိတ်ဆက်ခြင်း၊ အတည်ပြုခြင်းနှင့် အပြန်အလှန်ဖလှယ်ခြင်းတို့ကို စမ်းသပ်ဆောင်ရွက်သွားမည်ဖြစ်သည်။ ယခုအစီအစဉ်ကို အာဆီယံနိုင်ငံများသို့ ချဲ့ထွင်ဆောင်ရွက်ခြင်းမပြုမီ တာဝန်ရှိသူများအနေဖြင့် လုပ်ငန်းစဉ်ကြာမြင့်ချိန်၊ အတည်ပြုစိစစ်မှု အောင်မြင်နှုန်း၊ အမှားအယွင်းများနှင့် အသုံးပြုသူများ၏ သုံးသပ်ချက်အကြံပြုချက်များကို ဆန်းစစ်သုံးသပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ



အီရန်နိုင်ငံ၌ တရားမဝင်လုပ်ငန်း ဆောင်ရွက်နေသည့် ပြင်သစ်ဘာသာစကားသင်တန်းအား ပိတ်ပင်

တီဟီရန် စက်တင်ဘာ ၂၂

အီရန်နိုင်ငံအတွင်း တရားမဝင်လုပ်ငန်းများ ဆောင်ရွက်မှုဖြင့် တီဟီရန်ရှိ ပြင်သစ်ဘာသာစကားစင်တာတစ်ခုအား အီရန်လုံခြုံရေးတပ်ဖွဲ့က ပိတ်ပင်ခဲ့ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက စက်တင်ဘာ ၂၁ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ပြင်သစ်သံရုံးက ကြီးမှူးဖွင့်လှစ်သည့် အဆိုပါဘာသာစကားသင်တန်းအတွက် တရားဝင်မှတ်ပုံတင်ရန်နှင့် လုပ်ငန်းလုပ်ကိုင်ခွင့်ရယူရန် ပြီးခဲ့သည့်နှစ်များအတွင်းက အီရန်တာဝန်ရှိသူများက အကြိမ်ကြိမ် သတိပေးခဲ့သော်လည်း ၎င်းသတိပေးချက်များအား ပြင်သစ်သံရုံးမှ လျစ်လျူရှုခဲ့ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။ ပြင်သစ်ဘာသာစကားစင်တာအား ပိတ်ပင်ခြင်းသည် အီရန်နိုင်ငံတွင် ပြင်သစ်ယဉ်ကျေးမှု တည်ရှိနေခြင်းအပေါ် တိုက်ခိုက်ခြင်းဖြစ်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ပတ်စကယ် ကွန်ဗာဗရူးစ်က ပြောကြားခဲ့ပြီးနောက် အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက အထက်ပါထုတ်ပြန်ချက်အား ထုတ်ပြန်ခြင်းဖြစ်သည်။

တီဟီရန်မြို့ရှိ ပြင်သစ်သံရုံးအနေဖြင့် သံတမန်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းပါ စည်းကမ်းသတ်မှတ်ချက်များကို အစဉ်တစိုက်လျစ်လျူရှုခဲ့သည့်အပြင် အီရန်နိုင်ငံ၏ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကိုလည်း လေးစားလိုက်နာခြင်းမရှိခဲ့သည့်အတွက် ၎င်းစင်တာအား တရားရုံးအမိန့်အရ ပိတ်ပင်ခဲ့ခြင်းဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။ အဆိုပါပြင်သစ်ဘာသာစကားစင်တာသည် ဘာသာစကားသင်ကြားမှုကို အကြောင်းပြကာ အီရန်ယဉ်ကျေးမှုနှင့် ဆန့်ကျင်သည့် စိမ်ချက်များကို ဆောင်ရွက်ခဲ့ကြောင်းနှင့် အီရန်နိုင်ငံမှ ငွေကြေးချမ်းသာသူများအား နိုင်ငံအတွင်းမှ ထွက်ခွာသွားနိုင်ရန် ကူညီပေးခဲ့ကြောင်း အီရန်တရားရေးဌာနက ပြောကြားသည်။

ဆင်ဟွာ



ဗီယက်နမ်နိုင်ငံ တောင်ပိုင်းဒေသ မြို့တော်ဟိုချီမင်းစီးတီး၌ မြေအောက်ရထားလိုင်း သုံးခု စတင်တည်ဆောက်ရန် ဆောင်ရွက်

ဟန္ဒိုင်း စက်တင်ဘာ ၂၂

ဗီယက်နမ်နိုင်ငံ တောင်ပိုင်းဒေသ မြို့တော် ဟိုချီမင်းစီးတီးသည် ယခုနှစ် စတုတ္ထသုံးလပတ်အတွင်း မြေအောက်ရထားလိုင်း သုံးခုကို စတင်တည်ဆောက်ရန် ဆောင်ရွက်နေကြောင်း ဒေသတွင်းမီဒီယာ VnExpress ၏ စက်တင်ဘာ ၂၂ ရက် သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းမြေအောက်ရထားလိုင်း သုံးခု၏ အရှည်မှာ ၉၀ ကီလိုမီတာရှိမည်ဖြစ်ပြီး ကနဦးရင်းနှီးမြှုပ်နှံမှု အဖြစ် ဗီယက်နမ်ဒေါင် ၂၅၄ ထရီလီယံ ကုန်ကျမည်ဖြစ်ကာ ၂၀၃၀ ပြည့်နှစ်တွင် လုပ်ငန်းပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းများအတွက် ဖြစ်နိုင်ခြေလေ့လာမှုများနှင့် စီမံကိန်းခွင့်ပြုချက်ရယူရေး လုပ်ငန်းများကို စီစဉ်ဆောင်ရွက်နေကြောင်း ဟိုချီမင်းစီးတီးမြို့ပြရထားပို့ဆောင်ရေး စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က ပြောကြားသည်။

ဆင်ဟွာ

ချင်းပြည်နယ် ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီးခွဲ ကျင်းပသည့် စုပေါင်းသွေးလှူဒါန်းပွဲအား CDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ယုတ်မာရိုင်းစိုင်းစွာ အကြောင်းမဲ့လာရောက် နှောင့်ယှက်ပစ်ခတ်



ဟားခါးမြို့ ပြည်သူ့ဆေးရုံခွဲ ကျင်းပသည့် စုပေါင်းသွေးလှူဒါန်းပွဲအား အကြမ်းဖက်သမားများမှ လာရောက်နှောင့်ယှက်ပစ်ခတ်ခဲ့သည့် တည်နေရာပြပုံ။





ဟားခါးမြို့ ပြည်သူ့ဆေးရုံခွဲ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပပြုလုပ်နေသည့် မှတ်တမ်းဓာတ်ပုံများ။



အကြမ်းဖက်သမားများ လာရောက်ပစ်ခတ်ခဲ့သည့် ဟားခါးပြည်သူ့ဆေးရုံ။

နေပြည်တော် စက်တင်ဘာ ၂၂

အကြမ်းဖက်အုပ်စု အဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်၍ စစ်ရေးပစ်မှတ်နှင့် မသက်ဆိုင်သည့် ဆေးရုံ၊ ဆေးခန်း၊ စာသင်ကျောင်းများအား နှောင့်ယှက်ပစ်ခတ်ခြင်း၊ သစ္စာရှိ နိုင်ငံ့ဝန်ထမ်းများအပါအဝင် အပြစ်မဲ့ပြည်သူများအား အဓိကပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူပိုင် အဆောက်အအုံများအား မီးရှို့ခြင်း၊ မြို့၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တိုက်ပွဲများ ဖော်ဆောင်၍ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသည့် အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ သာသနာတော်အကျိုး သယ်ပိုးလျက်ရှိသော ရဟန်းသံဃာတော်များ၊ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိသော ကျောင်းသားကျောင်းသူများအားလက်နက်အားကိုးဖြင့် ခြိမ်းခြောက်ခြင်းနှင့် အနှိုင်ကျင့်၊ ဗိုလ်ကျ၊ ဖမ်းဆီးနှိပ်စက် ပစ်ခတ်သတ်ဖြတ်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို နည်းမျိုးစုံဖြင့် ဆင်ခြင်တုံတရားကင်းမဲ့စွာ ဥပဒေမဲ့ကျူးလွန်လျက် ရှိကြသည်။ ထိုသို့ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် CDF အမည်ခံအကြမ်းဖက်သမားများသည် ချင်းပြည်နယ် ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီးခွဲ ကျင်းပသော စုပေါင်းသွေးလှူဒါန်းပွဲသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ယုတ်မာရိုင်းစိုင်းစွာ လာရောက်နှောင့်ယှက် ပစ်ခတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက်ပိုင်းတွင် ၂၀၂၆ ခုနှစ် အောက်တိုဘာလ ၁ ရက်တွင် ကျရောက်မည်ဖြစ်သည့် (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီးခွဲ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပနေစဉ် ဆေးရုံ၏ မြောက်ဘက်မှ CDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူ အင်အား ခုနစ်ဦးခန့်သည် လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လူမဆန်စွာ အကြောင်းမဲ့ လာရောက်နှောင့်ယှက်ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ ပစ်ခတ်တိုက်ခိုက်လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက် သောင်းကျန်းသူများသည် အရှေ့မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားကြောင်း သိရသည်။

ယခုကဲ့သို့ စစ်ရေးပစ်မှတ်နှင့် မသက်ဆိုင်သည့် ပြည်သူ့ဆေးရုံဝင်းအတွင်းသို့ အကြောင်းမဲ့ ဆင်ခြင်တုံတရား ကင်းမဲ့စွာ လာရောက်နှောင့်ယှက် ပစ်ခတ်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်အပေါ် ဒေသခံပြည်သူများက စက်ဆုပ်ရွံရှာမုန်းတီးစွာ ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက်ရှိသည်။ အဆိုပါ အကြမ်းဖက်မှုကျူးလွန်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက တာဝန်သိသေခံပြည်သူများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ် လျက်ရှိပြီး နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကာကွယ်စောင့်ရှောက်နိုင်ရေး အတွက် လိုအပ်သည့် နယ်မြေလုံခြုံရေး လုပ်ငန်းများကိုလည်း တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူ

နေပြည်တော် စက်တင်ဘာ ၂၂

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လေကြောင်းရဲတပ်ဖွဲ့မှူးရုံးမှ ရဲတပ်ဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လယ်ဝေးမြို့နယ်ရှိ (ခုတင်-၁၀၀)ပြည်သူ့ဆေးရုံ၌ စုပေါင်းသွေးလှူဒါန်းကြသည်။

လေကြောင်းရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင် ၃၀ တို့၏ စုပေါင်းသွေးလှူဒါန်းခဲ့မှုကို လေကြောင်း ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ထူးအောင်၊ မြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာနန္ဒာကျော်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

ကြေးမုံ

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဇော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၂၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Mgmg Win” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ပုဏ္ဏားစုရပ်ကွက်နေ တင်ဌေးအား နံနက် ၉ နာရီခွဲတွင် ပဲခူးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❖ ကျောဖုံးမှ

(ဂ)ရပ်ကွက်နေ မောင်အာကာကျော်(၁၈)နှစ်တို့နှစ်ဦးသည် လူငယ်တစ်စုနှင့် စကားများရန်ဖြစ်ကြစဉ် ၎င်းတို့ နှစ်ဦးအား လူငယ်များက ဝိုင်းဝန်းရိုက်နှက်၍ ဆဲဆိုခြိမ်းခြောက်ကာ ဓားဖြင့်ထိုးခဲ့သောကြောင့် မောင်ဇူဇင်ဝင်းထွဋ်နှင့် မောင်အာကာကျော်တို့နှစ်ဦးတွင် ခန္ဓာကိုယ်၌ ဒဏ်ရာများ အသီးသီးရရှိခဲ့ကြောင်း သတင်းအရ ပြစ်မှုကျူးလွန်သူ လူငယ်များအား ဖော်ထုတ်အရေးယူနိုင်ရေး စမ်းချောင်းမြို့မ ရဲစခန်းတွင် အမှုဖွင့်လှစ်ကာ တရားခံများအား စုံစမ်းဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များမှ အဆိုပါလူငယ်များအား စုံစမ်းဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်ရာတွင်ပါဝင်သူ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၅၆)ရပ်ကွက်နေ မရွေရည်ဝတီ(ခ) သဒ္ဒါ(၁၈)နှစ်အား ယင်းနေ့ညနေပိုင်းတွင် နေအိမ်မှ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးချက်အရ ပြစ်မှုကျူးလွန်ရာ၌ ပါဝင်သူများဖြစ်သည့် သူရိန်ထွန်း(ခ)Harry(၁၈)နှစ်၊ တင်အောင်ဝင်း(ခ)ဇင်ကို(၁၈)နှစ်၊ နိုင်မင်းခန့်(ခ)အာကာဟိန်း(ခ)ရိုင်ကူး(၁၇)နှစ်အား ပြစ်မှုကျူးလွန်စဉ်က အသုံးပြုခဲ့သည့် အရိုး/အသွား ခြောက်လက်မခွဲခန့်ရှိ ဓားမြောင်တစ်ချောင်းနှင့်လည်းကောင်း၊ အောင်အောင်(ခ)ဘူးသီး(၂၀)နှစ်၊ အောင်မြတ်သူ (ခ)နေသက်တန့်လင်း(ခ)ဘိုကီး(၁၄)နှစ်နှင့် မင်းထက်ကျော်(ခ)ကောင်းစည်သူ (ခ)K(၁၇)နှစ်၊ ပြည့်စုံအောင် (၁၆)နှစ်တို့ကိုလည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့ပြီး မှုခင်းဖြစ်ပွားခဲ့မှုအခြေအနေကို ဆက်လက်စစ်ဆေးကာ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ငွေပင်လယ်စက်မှုဇုန်တွင် လျှပ်စစ်ဓာတ်အားခိုးယူသုံးစွဲနေသည့် ဦးသိန်းနိုင်၏ "777" ပလတ်စတစ်စက်ရုံအား စစ်ဆေးဖော်ထုတ်ပြီး နိုင်ငံတော်အနေဖြင့် နစ်နာခဲ့သည့် ငွေကျပ် ၇ ဒသမ ၉၀၇ ဘီလီယံအား ပြန်လည်ပေးသွင်းစေပြီး ဥပဒေအရ အရေးယူဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၂

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ဓာတ်အားခိုးယူသုံးစွဲမှုများကို Control Center များမှ စောင့်ကြည့်စစ်ဆေး၍ စဉ်ဆက်မပြတ် ဖော်ထုတ်လျက်ရှိရာ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၁ ရက်တွင် လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် ရွှေလင်ပန်း၊ ငွေပင်လယ် စက်မှုဇုန်အတွင်း မြေကွက်အမှတ် (၇/B) ရှိ ဦးသိန်းနိုင်၏ "777" ပလတ်စတစ် စက်ရုံတွင် တပ်ဆင်ထားသည့် 2 MVA ထရန်စဖော်မာနှင့် တွဲဆက်တပ်ဆင်ထားသည့် မီတာတွင် Alarm ပေါ်နေသဖြင့် ရန်ကုန်လျှပ်စစ် ဓာတ်အားပေးရေးကော်ပိုရေးရှင်းရုံးချုပ်၊ ခရိုင်၊ မြို့နယ်ပါဝင်သော ငါးဦးကော်မတီအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးခဲ့ရာ လျှပ်စစ်ဓာတ်အား ခိုးယူသုံးစွဲထားကြောင်း သက်သေအထောက်အထားများဖြင့် စစ်ဆေးတွေ့ရှိရသဖြင့် မီတာအား ချက်ချင်းဖြုတ်သိမ်းခဲ့ပြီး နစ်နာဆုံးရှုံးခဲ့သော လျှပ်စစ်ဓာတ်အား ယူနစ် ၁၀ ဒသမ ၄၆၈ သန်းအတွက် ကျသင့်ငွေကြေးငွေကျပ် ၇ ဒသမ ၉၀၇ ဘီလီယံအား ပြန်လည်ပေးငွေသွင်းစေရေးနှင့် လျှပ်စစ်ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် သောင်ကြီးနယ်မြေရဲစခန်းတွင် စက်ရုံပိုင်ရှင် ဦးသိန်းနိုင်နှင့် စက်ရုံမန်နေဂျာ ဦးကြည်လှိုင်တို့အား အမှုဖွင့်အရေးယူလျက်ရှိသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနရှိ Control Center များ၏ နည်းပညာများ အဆင့်မြှင့်တင်လာနိုင်သည့်အတွက် လျှပ်စစ်ဓာတ်အားခိုးယူသုံးစွဲမှုများ ပိုမိုရှာဖွေထုတ်လာနိုင်သည်နှင့်အမျှ လျှပ်စစ်ဓာတ်အား မရရှိသေးသည့် ပြည်သူများကို ပိုမိုချဲ့ တိုးမြှင့်ဖြန့်ဖြူးပေးနိုင်လျက်ရှိသည်။

ပြည်သူများ အနေဖြင့်လည်း လျှပ်စစ်ဓာတ်အားကို စနစ်တကျ သုံးစွဲကြရန်နှင့် ဓာတ်အားခိုးယူသုံးစွဲမှုများ တွေ့ရှိပါက Call Center များသို့ ဆက်သွယ်သတင်းပေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက အသိပေးကြေညာထားကြောင်း သိရသည်။

သတင်းစဉ်



လျှပ်စစ်ဓာတ်အား ခိုးယူသုံးစွဲနေသည့် "777" ပလတ်စတစ် စက်ရုံပိုင်ရှင် ဦးသိန်းနိုင်



လျှပ်စစ်ဓာတ်အား ခိုးယူသုံးစွဲနေသည့် "777" ပလတ်စတစ် စက်ရုံမန်နေဂျာ ဦးကြည်လှိုင်





ရွှေလင်ပန်း၊ ငွေပင်လယ် စက်မှုဇုန် မြေကွက်အမှတ် (၇/B) ရှိ ဦးသိန်းနိုင်၏ "777" ပလတ်စတစ်စက်ရုံ လုပ်ငန်းခွင်နှင့် တာဝန်ရှိသူများက စစ်ဆေးနေမှု မှတ်တမ်းဓာတ်ပုံများ။

ရန်ကုန်-ပြည်လမ်းပိုင်း၌ ပြေးဆွဲပေးလျက်ရှိသည့် အမှတ်(၇၄)အစုန်နှင့် ရန်ကုန်-မော်လမြိုင် လမ်းပိုင်းရှိ အမှတ်(၈၃)အဆန် DEMU လူစီးအမြန်ရထားတို့ကို ခဲဖြင့်ပေါက်သူများ ဖမ်းဆီးရမိ



ရန်ကုန် – မော်လမြိုင် အမှတ်(၈၃)အဆန် DEMU ရထားအား ခဲဖြင့်ပစ်ပေါက်ခဲ့သည့် ဖမ်းဆီးရမိ တရားခံ။



ပြည် – ရန်ကုန် အမှတ်(၇၄)အစုန် DEMU ရထားအား ခဲဖြင့်ပစ်ပေါက်ခဲ့သည့် ဖမ်းဆီးရမိ တရားခံ။

နေပြည်တော် စက်တင်ဘာ ၂၂

မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာ သွားလာနိုင်စေရေးအတွက် ခေတ်မီလေအေးပေးစက်ပါ DEMU တွဲဆိုင်းသစ်များဖြင့် လူစီးအမြန်ရထားများ ပြေးဆွဲပေးလျက်ရှိရာ ယမန်နေ့ ညနေ ၅ နာရီ ၄၅ မိနစ်တွင် အမှတ်(၇၄)အစုန် ပြည်–ရန်ကုန် DEMU လူစီးအမြန်ရထားသည် တိုက်ကြီးမြို့နယ် ဖလုံနှင့်သနပ်ချောင်းဘူတာအကြား မိုင်တိုင်အမှတ် (၄၈/၂၀ နှင့် ၁၉) အတွင်း ရထားဖြတ်သန်းစဉ် ရထားလမ်းအရှေ့ဘက်မှ ခဲဖြင့်ပစ်ပေါက်ခဲ့သဖြင့် ရထားတွဲဆိုင်း၏ စက်ခေါင်းနောက်ကပ်လျက် ပထမတန်းတွဲ DEMU(F) 4019 ၏ ခုံအမှတ် 4A နှင့် 4B အကြား ပြူတင်းတံခါးဘေးလေကာမှန်လေးလက်မခန့် ပေါက်ထွက် ကြေမွကွဲအက်မှုဖြစ်ပွားပြီး ခရီးသည်နှင့် ဝန်ထမ်းများ ထိခိုက်မှုမရှိကြောင်း သိရသည်။

အခင်းဖြစ်ပွားရာနေရာသို့ ရထားရဲတပ်ခွဲအမှတ်(၁၉)ပြည်မှ ရထားလိုက် လုံခြုံရေး ရဲအုပ် ဦးစီး ငါးဦးနှင့် တာဝန်ရှိသူများသွားရောက်၍ တရားခံ ဖမ်းဆီးရမိရေး သက်ဆိုင်ရာနယ်မြေရဲစခန်းသို့ အကြောင်းကြားခဲ့ပြီး တိုက်ကြီးမြို့နယ် ရဲမှူးဦးစီးအင်အား စုစုပေါင်း ၁၅ ဦး ည ၈ နာရီ ၁၀ မိနစ်တွင် ရောက်ရှိစုံစမ်းစစ်ဆေးခဲ့ရာ တရားခံ ဇော်ရဲအောင် အသက်(၃၄) နှစ် (ဘ) ဦးဝင်းဇော်လင်း ဒုံးခိုက်ရွာ ဖလုံကျေးရွာအုပ်စုနေသူအား ဖြစ်စဉ်ဖြစ်ပွားသည့် စက်တင်ဘာ ၂၁ ရက် ည ၉ နာရီ ၁၅ မိနစ်တွင် ဖမ်းဆီးရမိပြီး တရားခံကဝန်ခံထွက်ဆိုသဖြင့် ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေပုဒ်မ (၈၄) ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါဖြစ်စဉ်ကြောင့် ရထားကြန့်ကြာမှု ၃၅ မိနစ် ဖြစ်ပေါ်ခဲ့ပြီး အခြားရထားများကြန့်ကြာမှုမရှိဘဲ ပုံမှန်အတိုင်း ပြေးဆွဲခဲ့သည်။

အလားတူ ယနေ့ နံနက် ၁၀ နာရီ ၂၇ မိနစ်တွင် ရန်ကုန်–မော်လမြိုင် လမ်းပိုင်း၌ ပြေးဆွဲလျက်ရှိသော အမှတ်(၈၃)အဆန် DEMU လူစီးအမြန်ရထားသည် ပေါင်ဘူတာမှ နံနက် ၁၀ နာရီ ၁၃ မိနစ်တွင် ထွက်ခွာလာရာ ပေါင်မြို့နယ် ပေါင်နှင့် သဲဖြူကုန်းဘူတာအကြား မိုင်တိုင်အမှတ် (၁၆၄/၉ နှင့် ၁၀) အတွင်း ရထားဖြတ်သန်းစဉ် ရထားလမ်း၏ လက်ဝဲဘက်မှ ခဲဖြင့် ပစ်ပေါက်ခဲ့သဖြင့် ရထားတွဲဆိုင်း၏ စက်ခေါင်းနောက်သုံးတွဲမြောက် အထက်တန်းတွဲ(၂) DEMU (U) 5007 ၏ ခုံအမှတ် 10 A နှင့် 10 B အကြား ပြူတင်းတံခါးဘေးလေကာမှန်ပေါက်ပြီး စက်ခေါင်းနောက်ငါးတွဲမြောက် ပထမတန်း တွဲ(၄) DEMU (F)4013 ၏ ခုံအမှတ် 10 A နှင့် 10 B အနီး ပြူတင်းတံခါးမှန် ပေါက်ထွက် ကြေမွကွဲအက်မှုဖြစ်ပွားခဲ့သည်။ ခရီးသည်နှင့် ဝန်ထမ်းများ ထိခိုက်မှုမရှိဘဲ ဖြစ်စဉ်ကြောင့် ရထားကြန့်ကြာမှု ၃၈ မိနစ် ဖြစ်ပေါ်ခဲ့ပြီး အခြားရထားကြန့်ကြာမှု မရှိကြောင်း သိရသည်။ ဖြစ်စဉ်ဖြစ်ပွားရာသို့ အဆိုပါရထားအား နောက်ပြန်ဆုတ်ပြီး တရားခံအား ရှာဖွေဖော်ထုတ်ခဲ့ရာ ကျော်လင်းထွန်း အသက်(၄၄)နှစ် (ဘ) ဦးမောင်အေး ဘန့်ဘွေးကုန်းကျေးရွာ ရာသက်ပန်လမ်း ပေါင်မြို့နယ်နေသူအား ဖမ်းဆီးရမိခဲ့ပြီး ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေပုဒ်မ (၈၄)ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာ့မီးရထားအနေဖြင့် ၂၀၁၆ ခုနှစ် ဧန်နဝါရီ ၅ ရက်တွင် ထုတ်ပြန်ပြီးဖြစ်သည့် ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေ၊ အခန်း ၁၈၊ ပုဒ်မ ၇၉ (ခ)အရ ရထားကိုတစ်စုံတစ်ရာဖြင့် ပြစ်ပေါက်ခြင်း (သို့မဟုတ်) တစ်စုံတစ်ရာ ပြုလုပ်ခြင်းအတွက် ပြစ်ဒဏ်အနေဖြင့် ပုဒ်မ (၈၄)အရ ထိုသူကို အနည်းဆုံး ၅ နှစ်မှ နှစ် ၂၀ အထိ မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်ကိုလည်း ချမှတ်နိုင်ပြီး ဖမ်းဆီးရမိသော တရားခံများကို ဥပဒေနှင့်အညီ ထောင်ဒဏ်များအသီးသီးချမှတ် အရေးယူဆောင်ရွက်လျက်ရှိကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူများ အဆင်ပြေကောင်းမွန်စွာ ခရီးသွားလာနိုင်ရေးအတွက် အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများအနေဖြင့် ပိုင်းဝန်းပူးပေါင်းထိန်းသိမ်းသွားရန်လိုအပ်ကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်တိုင်းဒေသကြီးအတွင်း မှုခင်းကျဆင်းရေး ပူးပေါင်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရိုင်အလိုက် မြို့နယ်ရဲစခန်းများမှ တပ်ဖွဲ့ဝင်များသည် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ မှုခင်းကျဆင်းရေးနှင့် ဒုစရိုက်မှုများကင်းစင်ရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မှော်ဘီခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးငွေတင်နှင့် ပူးပေါင်းအဖွဲ့သည်လည်းကောင်း၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် သောင်ကြီးနယ်မြေရဲစခန်း ဒုရဲအုပ်သင်းသိရှိရုန်/လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် မြို့မရဲစခန်းမှ ဒုရဲအုပ်ဌေးလွင်/စက်ဆန်း နယ်မြေရဲစခန်းမှ ဒုရဲအုပ်ဇော်ဇော်အောင်နှင့် အဖွဲ့တို့သည်လည်းကောင်း၊ လှိုင်သာယာ (အရှေ့ပိုင်း)မြို့မရဲစခန်းမှ ဒုရဲအုပ်ရဲထွဋ်နိုင်နှင့် အဖွဲ့သည်လည်းကောင်း၊ သုံးခွမြို့မရဲစခန်းမှ ဒုရဲအုပ်အောင်ပိုင်ထွဋ်နှင့် အဖွဲ့သည်လည်းကောင်း၊ တိုက်ကြီးမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စုနှင့် ကမာရွတ်မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စုတို့မှ တပ်ဖွဲ့ဝင်များသည်လည်းကောင်း စစ်ဆေးရေးဂိတ်တွင် ဖြတ်သန်းသည့် ကွန်တိန်နာယာဉ်များနှင့် မသက်သေယာဉ်များအား စစ်ဆေးခြင်း၊ မှုခင်းအသိပညာပေးဟောပြောခြင်း၊ အိမ်တိုင်ရာရောက်မှုခင်းအသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ စက်ဘီးလှည့်ကင်းဆောင်ရွက်ခြင်း၊ ယာဉ်လိုင်းပေါ်တွင် ခါးပိုက်နှိုက်မှုဖမ်းဆီးရေး အသွင်ယူဆောင်ရွက်ခြင်း၊ လူကူးမျဉ်းကျားမှ ပြည်သူများ လမ်းဖြတ်ကူးစေရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ယမန်နေ့ညပိုင်းတွင်လည်း ကြည့်မြင်တိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး သိန်းဆန်းဦးနှင့် တပ်ဖွဲ့ဝင်များသည်လည်းကောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ဇော်ဝင်းနှင့် တပ်ဖွဲ့ဝင်များသည်လည်းကောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့မရဲစခန်းမှူး ဒုရဲမှူးညီညီဌေးနှင့် တပ်ဖွဲ့ဝင်များသည်လည်းကောင်း၊ အင်းစိန်မြို့မရဲစခန်းမှ ရဲတပ်ကြပ်သန်းစိန်နှင့် ပူးပေါင်းအဖွဲ့သည်လည်းကောင်း၊ သာကေတမြို့နယ် ရဲတပ်ဖွဲ့နှင့် ပူးပေါင်းအဖွဲ့သည်လည်းကောင်း မီးတန်းယာဉ်ဖြင့် လှည့်ကင်းဆောင်ရွက်ခြင်း၊ ယာဉ်စစ်ပိတ်ဆို့စစ်ဆေးခြင်း၊ ဧည့်စာရင်းစစ်ဆေးခြင်းနှင့် ကေတီဗွီဆိုင်များအား စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သတင်း – အောင်သူ၊ ဓာတ်ပုံ – တိုင်းရဲတပ်ဖွဲ့



ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)၌ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများလေ့လာ



နေပြည်တော် စက်တင်ဘာ ၂၂

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များအားမျိုးချစ်စိတ် ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော် သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စု နယ်မြေ (နေပြည်တော်) တပ်ကုန်းမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(ကင်းသာ)၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)(သူဌေးကုန်း)နှင့် ကိုယ်ပိုင်အထက်တန်းကျောင်း(စေတနာ)တို့မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော်လေယာဉ်များကို လေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် ပြတိုက်အတွင်းရှိ တပ်မတော်(ကြည်း၊ ရေ၊ လေ) နှင့် လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြပြီး ကျောင်းသား ကျောင်းသူများအတွက် ယနေ့ လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဥဏ်စမ်းပဟေဋ္ဌိပြိုင်ပွဲ ပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ရေးမြို့နယ်၌ ပထမအကြိမ် ပဌာန်းဒေသနာတော်နှင့် စတုတ္ထအကြိမ် ဓမ္မစကြာတရားတော် ရွတ်ဖတ်ပူဇော်ပြိုင်ပွဲ ကျင်းပ

ရေး စက်တင်ဘာ ၂၂

မွန်ပြည်နယ် ရေးမြို့နယ် အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်းကောင်စီအမှုဆောင်အဖွဲ့က ကြီးမှူးကျင်းပသော ပထမအကြိမ် ပဌာန်းဒေသနာတော်နှင့် စတုတ္ထအကြိမ် ဓမ္မစကြာတရားတော် ရွတ်ဖတ်ပူဇော်ပြိုင်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကြီးအောင်ရပ်ကွက် ရွှေဆံတော်ဘုရားဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ရေးမြို့နယ် မရမ်းကျောင်းတိုက်မှ မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာဘဒ္ဒန္တ အရှင်ပညာဇောတက ပဌာန်းဒေသနာတော်နှင့် ဓမ္မစကြာတရားတော်ရွတ်ဖတ်ပူဇော်ပြိုင်ပွဲကျင်းပခြင်းအားဖြင့် ယဉ်ကျေးလိမ္မာသော သားကောင်း၊ သမီးကောင်းရတနာများ ဖြစ်လာမည်ဖြစ်ကြောင်းနှင့် ဗုဒ္ဓဘာသာ၏ အနှစ်သာရကို ငယ်စဉ်ကပင်သိရှိပြီး ဗုဒ္ဓတရားတော်နှင့်အညီ လိုက်နာနေထိုင်ခြင်းသည် ကောင်းမြတ်သော မင်္ဂလာမည်ကြောင်း ဆုံးမသြဝါဒကထာ ချီးမြှင့်ပေးသည်။

ထို့နောက် ဝတ်ရွတ်အသင်းငါးသင်းက ပဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ခြင်းကို ကျောင်းသား ၁၁၀ နှင့် ဓမ္မစကြာတရားတော် ရွတ်ဖတ်ပူဇော်ခြင်းကို ကျောင်းသူ ၁၁၀ တို့က စက်တင်ဘာ ၂၃ ရက်အထိ အသင်းလိုက်ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲဆုရရှိသူများအား ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျောင်းအုပ်ကြီးများက ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ရှင်းသန့်ဖြူ



ပွင့်ဖြူမြို့နယ်၌ စွမ်းအားမြှင့် အေဝမ်းမီးဖိုများ အခမဲ့ဖြန့်ဝေ



ပွင့်ဖြူ စက်တင်ဘာ ၂၂

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ထင်းအစား အခြားလောင်စာတိုးမြှင့်သုံးစွဲရေး အသိပညာပေးဟောပြောပွဲနှင့် စွမ်းအားမြှင့် အေဝမ်းမီးဖိုများ အခမဲ့ဖြန့်ဝေပေးခြင်းကို စက်တင်ဘာ ၂၀ ရက်က ရွှေဘိုရွာသစ်ကျေးရွာ ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်စိုးက ထင်းအစား အခြားလောင်စာတိုးမြှင့်သုံးစွဲရေးနှင့် စွမ်းအားမြှင့် အေဝမ်းမီးဖိုသုံးစွဲခြင်းဖြင့် ရရှိစေမည့် အကျိုးကျေးဇူးများအကြောင်းကို အသိပညာပေး ဆွေးနွေးဟောပြောသည်။

ထို့နောက် တာဝန်ရှိသူများက ကျေးရွာအတွင်းရှိ အိမ်ထောင်စု ၁၈၈ စုအား စွမ်းအားမြှင့် အေဝမ်းမီးဖိုတစ်လုံးစီ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

ပေါင်မြို့နယ်၌ အခြေခံစားသောက်ကုန်စည်များ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိ

ပေါင် စက်တင်ဘာ ၂၂

မွန်ပြည်နယ် ပေါင်မြို့နယ်၌ အခြေခံစားသောက်ကုန်စည်များ ရောင်းချပေးခြင်းကို ယနေ့နံနက်ပိုင်းက ကဒါရပ်ကွက် မင်္ဂလာဈေးတွင် ရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချရာတွင် အခြေခံစားသောက်ကုန်စည်များဖြစ်သည့် စားအုန်းဆီ၊ ကြက်ဥ၊ ဝက်သား စသည်တို့ကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့ရာ အများပြည်သူ ဝယ်ယူအားပေးကြသည်။

အဆိုပါဈေးရောင်းချခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဈေးကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက သက်သာချောင်ချိရေးဆိုင်တွင် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)



ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၉-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	တားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လျှိုင်ကော်	ဟားမေါ
92 Ron	၃၈၂၅	၃၉၈၀	၃၉၃၀	၃၈၄၀	၃၉၈၀	၃၉၉၅	၄၀၃၀	၃၉၁၀	၄၂၈၀	၄၃၀၅	၃၉၃၀	၄၀၅၅	၄၀၂၀	၃၉၈၀	၃၉၉၀	၄၂၂၀
95 Ron	၃၉၅၀	၄၁၀၅	၄၀၅၅	၃၉၆၅	၄၁၁၀	၄၁၂၅	၄၁၅၅	၄၀၃၅	၄၄၀၅	၄၄၃၅	၄၀၅၅	၄၁၉၀	၄၁၄၅	၄၁၀၅	၄၁၁၅	၄၃၄၅
HSD (500 ppm)	၄၁၅၀	၄၃၀၀	၄၂၅၅	၄၁၆၅	၄၃၀၅	၄၃၂၀	၄၃၅၀	၄၂၃၅	-	၄၆၁၅	၄၂၅၅	၄၇၅၀	၄၃၄၀	၄၃၀၀	၄၃၁၀	၄၅၃၀
HSD (50 ppm)	၅၀၅၀	၅၂၀၅	၅၁၅၅	၅၀၆၅	၅၂၁၀	၅၂၂၅	၅၂၆၀	၅၁၃၅	၅၅၀၅	၅၅၃၅	၅၁၅၅	၅၂၇၀	၅၂၅၀	၅၂၀၅	၅၂၁၅	၅၄၄၅
HSD (10 ppm)	၅၀၅၀	၅၂၀၅	၅၁၅၅	၅၀၆၅	၅၂၁၀	၅၂၂၅	၅၂၆၀	၅၁၃၅		၅၅၃၅	၅၁၅၅	၅၂၇၀	၅၂၅၀	၅၂၀၅	၅၂၁၅	၅၄၄၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၃၆၂၃	၃၇၂၉
95 Ron	၃၇၄၄	၃၈၅၃
HSD (500 ppm)	၃၉၅၄	၄၀၆၄
HSD (50 ppm)	၄၈၁၃	၄၉၄၀
HSD (10 ppm)	၄၈၁၃	၄၉၄၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် စက်တင်ဘာ ၂၂

ယနေ့ မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ် ၅၈ စက္ကန့်တွင် မန္တလေး မြေငလျင်စခန်းမှ မြောက်ဘက် ၂၇ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (စဉ်ကူးမြို့၏ အရှေ့တောင်ဘက် ၁၁ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၂ ဒသမ ၄၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၀၉ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၆(M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှုနေရာများနှင့်ဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ်ခြောက်မြို့နယ်တို့တွင် ရေဝင်ရောက်ခဲ့ခြင်းများအား တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၂

ဧရာဝတီတိုင်း ဒေသကြီး ညောင်တုန်းမြို့နယ် ဂနိုချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာမိုင် (၁၁/၆) နှင့် (၁၁/၇) ကြားနေရာ၌ မြစ်ကမ်း ရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တွင် ဩဂုတ် ၂၅ရက် နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားကာ ဆည်မြောင်းတာအိမ့်ကျမှုဖြစ်ပွားသည်။ အလားတူ အဆိုပါ ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ)၌ ရေတိုက်စားမှုကြောင့် တာမိုင် (၁၂/၂) နှင့် (၁၂/၃) ကြားရှိ စွန့်ပစ်တာ၌ စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် အလျား ပေ ၁၆၀နှင့် အနံ ၁၅ ပေခန့် ထပ်မံ၍ တာပြိုကျမှု ဖြစ်ပွားခဲ့သည်။



အဆိုပါ တာကိုယ်ထည်တိုက်စား၍ အိုပဲပြိုကျမှုဖြစ်ပေါ်လျက်ရှိသည့် နေရာများ၌ ရေတိုက်စားမှု ကာကွယ်နိုင်ရန်အတွက် ရေလမ်းသောင်တူးလုပ်ငန်းဆောင်ရွက်ခြင်း၊ တာမိုင် အမှတ် (၁၂ / ၂) ပေ ၅၀၀ နှင့် (၁၂/၃) ကြားတွင် မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine ချထားခြင်း၊ ယာယီပန်းတာတည်ဆောက်ခြင်းနှင့် ကမ်းရင်းတာခြေတုတ်ရိုက် သဲဖြည့်ခြင်း၊ တာမိုင်အမှတ် (၁၁/၅) နှင့် (၁၁/၆) ကြားတွင် ယာယီပန်းတာတည်ဆောက်ခြင်းစသည့်လုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်း ဒေသကြီး လေးမျက်နှာမြို့နယ် အတွင်း ဧလိုင်လ ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်၊ ကျေးရွာများအတွင်း ရေဖြတ်သန်း စီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟသ်ာတ၊ ရေကြည်၊ ငသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်း မြို့နယ်တို့ရှိ ရပ်ကွက် ၁၅ ခုနှင့် ကျေးရွာ အချို့တို့တွင် ယနေ့အထိ ရေဝင်ရောက်မှုများ ဖြစ်ပွားလျက်ရှိသည်။

အဆိုပါ ဝဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြု၍ ဝဝန်ပန်းတာရေဝင်လမ်းအား (Geobags) အိတ်များချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်း၊ Steel Sheet Pile များရိုက်သွင်းခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် တာတမံနိမ့်ကျပြီး ရေကျော်စီးဝင်ခဲ့သည့် နေရာ၌ Steel Sheet Pile များကို အပြီးသတ်ရိုက်သွင်းပြီး ဖြစ်ကြောင်းနှင့် Steel Sheet Pile များ တောင့်တင်းခိုင်မာစေရန်အတွက် (Geobags) အိတ်များချခြင်း၊ (Jumbo Bag) အိတ်များချခြင်း လုပ်ငန်းများကို လူအင်အား၊ စက်ယန္တရားများ အသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေး စခန်းများရှိ ရေဘေးသင့် ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဒီရေတောထိန်းသိမ်းရေးနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ အသိပညာပေးဟောပြော

မြိတ် စက်တင်ဘာ ၂၂

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်သစ်တောဦးစီးဌာနက ဒီရေတောထိန်းသိမ်းရေးနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက မြိတ်မြို့ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြိတ်မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဝေယံမြင့်ချိုက ဒီရေတောထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများ၊ ဒီရေတောသစ်ပင်များမှရရှိသော သွယ်ဝိုက်အကျိုးကျေးဇူးများနှင့် တိုက်ရိုက်အကျိုးကျေးဇူးများအကြောင်းကို ဟောပြောပြီး တောအုပ်ကြီး ဦးခင်မောင်ဆန်းက ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းတည်ထောင်ခြင်း လုပ်ငန်းစဉ်များကို ဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး ပညာပေးလက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်း သိရသည်။

ခိုင်ထူး (ပြန်/ဆက်)



ငါးသိုင်းချောင်းမြို့၌ စားအုန်းဆီများ သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

ငါးသိုင်းချောင်း စက်တင်ဘာ ၂၂

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့တွင် ယနေ့နံနက်ပိုင်းက သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် စားအုန်းဆီများ ရောင်းချပေးလျက်ရှိရာ မြို့အုပ်ချုပ်ရေးမှူး၊ မြို့စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး၊ ရေကြည်မြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က စားအုန်းဆီဝယ်ယူခွင့် စာအုပ်များဖြင့်ရောင်းချရာတွင် သတ်မှတ်ရည်ညွှန်းဈေး တစ်ပိဿာလျှင် ၈၀၁၇ ကျပ်နှုန်းဖြင့် အလေးချိန် သတ်မှတ်ပမာဏမှန်ကန်မှု ရှိ/မရှိတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ငါးသိုင်းချောင်းမြို့အတွင်း စားအုန်းဆီ လက်ကားကိုယ်စားလှယ် တစ်ဦးက စားအုန်းဆီ ဝယ်ယူခွင့်စာအုပ်ဖြင့် တစ်လလျှင် ဆီတစ်ပိဿာ ငါးဆယ်ကျပ်သားကို သတ်မှတ်ရည်ညွှန်းဈေးအတိုင်း မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများသို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



မွန်ပြည်နယ်ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်း ဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မော်လမြိုင် စက်တင်ဘာ ၂၂

မွန်ပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းဆပ်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၂/၂၀၂၆) ကို ယနေ့ မွန်းလွဲပိုင်းတွင် မွန်ပြည်နယ် ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ဥပဒေရေးရာဆပ်ကော်မတီဥက္ကဋ္ဌ ပြည်နယ်ဥပဒေချုပ် ဒေါ်မိသန္တာဖြင့်က ဥပဒေရေးရာလုပ်ငန်းဆပ်ကော်မတီ၏ ဆောင်ရွက်ရမည့်လုပ်ငန်းများအနက် ကလေးအလုပ်သမားပပျောက်ရေးအတွက် ဥပဒေများကိုပြန်လည်ပြင်ဆင်ရန်နှင့် အသစ်ရေးဆွဲရန်၊ မိမိတို့ပြည်နယ်အတွင်း ကလေးအလုပ်သမားပပျောက်ရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်မည့်သူများကို အသိပညာပေးရန်နှင့် ယင်းတို့၏ စွမ်းဆောင်ရည်မြှင့်တင်ပေးရန်တို့မှာ အဓိကကျသည့် လုပ်ငန်းများဖြစ်၍ ဆပ်ကော်မတီအဖွဲ့ဝင်များအနေဖြင့် မိမိတို့သက်ဆိုင်ရာ ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ပေးစေလိုပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့်လည်း ကလေးအလုပ်သမားပပျောက်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ဥပဒေပိုင်းဆိုင်ရာ အခက်အခဲများ လိုအပ်ချက်များရှိပါက ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးစေလိုကြောင်း ပြောကြားသည်။



ထို့နောက် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းဆပ်ကော်မတီ အတွင်းရေးမှူး ပြည်နယ်ဥပဒေအေဆရာရှိဦးအောင်ကိုမြတ်က ဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြမှုအပေါ် အစည်းအဝေးတက်ရောက်သူများက ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြပြီး ဆပ်ကော်မတီဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

✤ အေစီမီလန်မှ

စုဆောင်းနိုင်ခဲ့လို့ အမှတ်ပေးဇယားအဆင့်(၅)နေရာ တက်လှမ်းခွင့်ရရှိခဲ့ပေမယ့် လက်ချီအသင်းကတော့ ရမှတ်ခြောက်မှတ်သာ ရရှိခဲ့တာမို့ အဆင့်(၁၂)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

လက်ရှိ အီတလီစီးရီးအေအမှတ်ပေးဇယားမှာ ရှိးမားအသင်းက အဆင့်(၁)၊ အင်တာမီလန်အသင်းက အဆင့်(၂)၊ လာဇီယိုအသင်းက အဆင့်(၃)၊ကာဂလီယာရီအသင်းက အဆင့်(၄)အသီးသီးရပ်တည်နေတာဖြစ်ပါတယ်။

ငွေကြေယ်

ပုသိမ်မြို့နယ်၌ ကျေးလက်လမ်း၊ တံတားလုပ်ငန်းဆောင်ရွက်နေမှု တာဝန်ရှိသူများကြည့်ရှုစစ်ဆေး

ပုသိမ် စက်တင်ဘာ ၂၂

ဧရာဝတီ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကျော်မျိုးတင်သည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ငါးကျီးထူ-စိုင်ခြဲလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးသည် ပုသိမ်မြို့နယ်သန်းကျော်ဝင်းကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သော ငါးကျီးထူ-စိုင်ခြဲလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

အဆိုပါလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အဆိုပါလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာလေးရွာရှိ ဒေသခံပြည်သူများ ရာသီမရွေးသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကိုကိုဇော်

သထုံမြို့၌ လူငယ်စကားဝိုင်းကျင်းပ

သထုံ စက်တင်ဘာ ၂၂

မွန်ပြည်နယ် သထုံမြို့နယ်တွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းက လိပ်အင်းရပ်ကွက်ရှိအမှတ်(၁)အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း နဝဒေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျောင်းအုပ်ဆရာကြီးက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက လူငယ်စကားဝိုင်း ပြုလုပ်ပေးရသည့် ရည်ရွယ်ချက်နှင့် ကျောင်းသား ကျောင်းသူများ စာအုပ်၊ စာပေတို့ကို လေ့လာခြင်းဖြင့် အသိပညာများဖွံ့ဖြိုးပြီး နိုင်ငံ့သားကောင်းလူငယ်များဖြစ်လာရေးဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူ ငါးဦးတို့က လူငယ်နှင့် စာဖတ်ခြင်း၊ ကျွန်ုပ်အနှစ်သက်ဆုံးစာအုပ်တစ်အုပ်၊ လူငယ်နှင့် ရည်မှန်းချက်၊ လူငယ်နှင့် အောင်မြင်ရေး ခေါင်းစဉ်တို့ဖြင့် ၎င်းတို့ ဖတ်ရှုလေ့လာထားသည့် စာရေးသူ၏ဆိုလိုရင်းနှင့် ၎င်းတို့၏ အတွေ့အကြုံများ၊ အတွေးအခေါ်များကို မျှဝေဆွေးနွေးကြသည်။



ယင်းနောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူးက စကားဝိုင်းနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ချမ်းအေးသာစံမြို့နယ်၌ လူကုန်ကူးမှုအသိပညာပေးဟောပြော

ချမ်းအေးသာစံ စက်တင်ဘာ ၂၂

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု(၁၁)မန္တလေးမှ ကြီးမှူးကာ ကျောင်းသား ကျောင်းသူများကို လူကုန်ကူးမှုအန္တရာယ်အကြောင်းအရာများအား သိရှိလိုက်နာစေရန်အတွက် လူကုန်ကူးမှုအသိပညာပေးဟောပြောပွဲကို အမှတ်(၂၇)အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ဦးစွာ အမှတ်(၁၁) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (မန္တလေး)၊ အမှတ်(၂)တပ်ဖွဲ့စိတ် တပ်ဖွဲ့စိတ်မှူး ရဲအုပ်ချမ်းသာက လူကုန်ကူးမှုဆိုင်ရာအကြောင်းအရာများကို ကျောင်းသား လူငယ်များမှတ်သားလိုက်နာစေရန် ရှင်းလင်းပြောကြားပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ချမ်းမြေမောင်(ပြန်/ဆက်)



လှည်းကူးမြို့နယ်၌ သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်း လူငယ်ဆင့်ပွားသင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် မြို့နယ်အဆင့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်း လူငယ်ဆင့်ပွားသင်တန်းကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံမှ ဒုတိယညွှန်ကြားရေးမှူးက သင်တန်းဆိုင်ရာကိစ္စများကို ဆွေးနွေးပြောကြားပြီး သင်တန်းသားများအား သင်တန်းနှင့် ဆက်စပ်ပစ္စည်းများပေးအပ်သည်။

အဆိုပါသင်တန်းကို သင်တန်းသား ၃၀ တက်ရောက်ကာ စက်တင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိ ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

အိန္ဒြေစိုလတ်(ပြန်/ဆက်)



မတ္တရာမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးမြတ်သူ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ တာဝန်ရှိသူများသည် မြို့မဈေးတာဝန်ခံရုံး၊ ဈေးအတွင်းနှင့် အပြင်ဘက်ရှိ အရောင်းဆိုင်ခန်းများ၌ လျှပ်စစ်မီးကြိုး သွယ်တန်းထားရှိမှုများ၊ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို စက်တင်ဘာ ၂၂ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။

ရွှေရာသား



တော်သလင်းလပြည့် ဂရုဓမ္မအခါတော်နေ့နှင့် မြန်မာ့ရိုးရာလေ့သဘင်ပွဲတော်

ဝင်းထွဋ်ဦး



ယခုကာလသည် မြန်မာ့ဆယ့်နစ်လရာသီ၏ ခြောက်လမြောက်(ဆဋ္ဌမ)လဖြစ်သည့် တော်သလင်းလဖြစ်ပါသည်။ မိုးနှောင်းရာသီကာလတွင် ကျရောက်သည့်လတစ်လဖြစ်သည်။

တော်သလင်းဆိုသည်မှာ တော်နှင့် သလင်းကိုပေါင်းစပ်ထားခြင်းဖြစ်သည်။ တော်ဆိုသည်မှာ မြင့်မြတ်သည်၊ အထွတ်အထိပ်ဖြစ်သည်၊ အထက်ကောင်းကင်ဖြစ်သည်။ သလင်းဟူသည်မှာ သာယာထွန်းလင်းသည်ဟု အဓိပ္ပာယ်ရသည်။ ရာသီမှာ ကန်ရာသီဖြစ်သည်။ ကန်ရာသီဆိုသည်မှာ 'ကညာ' ဟုဆိုသည်။ ကညာမှာ နှစ်သက်ခြင်းဟု အဓိပ္ပာယ်ရသည်။ ပါဠိသဒ္ဒါ၌ တောသဟုဆိုလိုပြီး တောသမ္ဘေတော်သလင်းသို့ ပြောင်းလဲလာခြင်းဖြစ်သည်။ ရင်းမာပန်းမှာ ရာသီပန်းဖြစ်သည်။ ရာသီရုပ်မှာ ကညာရုပ်ဖြစ်သည်။ တိမ်ကင်းစင်သောအချိန် ဖြူစင်သော "ဗျိုင်းတာရာ" နက္ခတ်ဖြစ်သည်။

တော်သလင်းလတွင် ရေကန်၊ မြစ်ကမ်းစပ်များတွင် လေးတိုင်စင်ဆောက်၍ စင်ပေါ်မှ ကခုန်မြူးထူးပြီး ရေထဲကိုခုန်ဆင်းသည့်ပျော်ပွဲရွှင်ပွဲများ၊ လေ့သဘင်ပွဲများကို ကျင်းပကြသည်။ ကောက်စိုက်ချိန်ကာလအတွင်း အလုပ်ပင်ပန်းခဲ့ကြသည့်တောင်သူများ အလုပ်ပြီးမြောက်၍ ပြီးပျော်မြူးထူးရွှင်လန်းကြသည့် လလည်းဖြစ်သည်။

ဂရုဓမ္မအခါတော်နေ့ ပေါ်ပေါက်လာပုံ

တော်သလင်းလပြည့် ဂရုဓမ္မအခါတော်နေ့သည် မြတ်စွာဘုရားလက်ထက်တော်ကပင် ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။ တော်သလင်းလပြည့်နေ့ကို ဗုဒ္ဓဘာသာဝင်များအတွက် ဂရုဓမ္မအခါတော်နေ့ အဖြစ် သတ်မှတ်ထားကြသည်။ ထိုနေ့သည် ငါးပါးသီလကို အသက်ထက်ဆုံးလုံခြုံအောင် စောင့်ထိန်းကြရန် အသိပေးသောနေ့ဖြစ်သည်။ ဂုဏ်ရမ္မသည် လူသားတို့ တလေးတစား စောင့်ထိန်းအပ်သည့် (ဂုရုဓမ္မ)ငါးပါးသီလပင်ဖြစ်သည်။ ဂုရုဓမ္မမှသည် ဂရုဓမ္မဟူ၍ ပြောင်းလဲလာခြင်းဖြစ်သည်။

မြတ်စွာဘုရားရှင်သည် ဘုရားအလောင်းတော်ဘဝတစ်ခုတွင်ဖြစ်သည်။ ဘုရားအလောင်းတော်သည် ဂုရုတိုင်းတွင် မင်းအဖြစ်အုပ်ချုပ်ခွင့်ရပြီး မင်းကျင့်တရားဆယ်ပါးနှင့်အညီ ငါးပါးသီလ (ဂုရုဓမ္မ)ကို စောင့်ထိန်းပြီးအုပ်ချုပ်ခဲ့သည်။

ငါးပါးသီလ(ဂုရုဓမ္မ)ကို ဘုရားအလောင်းတော်မင်း စောင့်ထိန်းသကဲ့သို့ ဘုရားအလောင်းတော်၏ မယ်တော်၊ မိဖုရားကြီး၊ ညီတော်အိမ်ရှေ့မင်း၊ ပုရောဟိတ်ပုဏ္ဏား၊ အမတ်၊ ရထားထိန်း၊ သူဋ္ဌေး၊ အမတ်ကြီး၊ တံခါးစောင့်တို့ကလည်း စင်ကြယ်စွာ စောင့်ထိန်းကြသည်။ ထိုသို့ငါးပါးသီလ (ဂုရုဓမ္မ)ကိုစောင့်ထိန်းမှုကြောင့် တိုင်းပြည်မှာ ရာသီဥတုကောင်းမွန်ပြီး အေးချမ်းသာယာဝပြောစည်ပင်လျက်ရှိသည်။ ဘုရားအလောင်းတော်သည် မြို့တံခါးလေးမျက်နှာ၊ မြို့လယ်၊ နန်းတော်ခြောက်ဌာနတွင် အလှူမဏ္ဍပ်များ ဆောက်လုပ်ပြီး လှူဒါန်းမှုပြုလုပ်သည်။ တိုင်းပြည်အုပ်ချုပ်မင်း စောင့်ထိန်းသည့် အတိုင်း တိုင်းသူပြည်သားများကလည်း ငါးပါးသီလ(ဂုရုဓမ္မ)ကို စောင့်ထိန်းကြသည်။

ဘေးသုံးမျိုးနှင့် ရင်ဆိုင်ကြုံတွေ့နေရ

ဘုရားအလောင်းတော်၏ ကုရုတိုင်းပြည် အနီးအနားရှိကာလင်္ဂိုတိုင်းတွင် ကာလင်္ဂိမင်းအုပ်ချုပ်လျက်ရှိသည်။ ကာလင်္ဂိတိုင်းတွင် ငတ်မွတ်ခြင်း၊ ရောဂါများဖြစ်ခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်း စသည့် ဘေးသုံးမျိုးနှင့်ရင်ဆိုင်ကြုံတွေ့နေရသည်။အကြောင်းမှာ မိုးရွာသွန်းခြင်းမရှိ မိုးခေါင်နေ၍ဖြစ်သည်။

မိုးရွာစေရန် ကာလင်္ဂိမင်းသည် ရှေးမင်းများအတိုင်း မင်းကျင့်တရားဆယ်ပါး ဒါန၊ သီလများ ပြုကျင့်သည်။ သို့သော် မိုးရွာသွန်းခြင်းမရှိဖြစ်နေဆဲ။ ကုရုတိုင်းရှိ ဆင်ဖြူတော်ကိုအလှူခံပြီး သယ်ဆောင်ပါသော်လည်း မိုးရွာခြင်းမရှိ ရာသီဥတုဆိုးရွားနေဆဲဖြစ်သည်။

နောက်ဆုံးတွင် ကုရုတိုင်းမှ ဘုရားအလောင်းတော်မင်းအပါအဝင် တိုင်းသူပြည်သားများအားလုံး ငါးပါးသီလ(ဂုရုဓမ္မ)ကို စောင့်ထိန်းမှုကြောင့် တိုင်းပြည်ရာသီဥတုကောင်းမွန်ပြီး အေးချမ်းသာယာဝပြောစည်ပင်လျက်ရှိသည်ကို ကာလင်္ဂိတိုင်းမင်းနှင့် တိုင်းသူပြည်သားများက သိရှိနားလည်သဘောပေါက်လာကြသည်။

စောင့်ထိန်းမှုပြုသည့်ကုရုဓမ္မ(ဂုရုဓမ္မ) ငါးပါးသီလ၏ အကျိုးဆက်ပင်ဖြစ်ကြောင်းကို သိလာကြသည်။ ထိုအခါ ကာလင်္ဂိတိုင်းမင်းနှင့် တိုင်းသူပြည်သားများက ဂုရုဓမ္မ(ဂုရုဓမ္မ) ငါးပါးသီလပွားများဆောက်တည် စောင့်ထိန်းမှုပြုကြသည်။ ထိုဂုရုဓမ္မ(ဂုရုဓမ္မ) ငါးပါးသီလစောင့်ထိန်းခြင်းကြောင့် ကာလင်္ဂိတိုင်း ရာသီဥတုကောင်းမွန် မှုန်ကန်လာသည်။ ဝတ်မွတ်ခြင်း၊ ရောဂါများဖြစ်ခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်း ဘေးသုံးပါးမှ လွတ်ကင်းပြီး တိုင်းပြည်အေးချမ်းသာယာဝပြောခဲ့သည်။

ဂုရုတိုင်းမှ ဘုရားအလောင်းတော်မင်း အပါအဝင် တိုင်းသူပြည်သားများအားလုံး အမြဲမပြတ်စောင့်ထိန်းကြသည့် ငါးပါးသီလကို အကြောင်းပြု၍ တော်သလင်းလပြည့်နေ့ကို ဂုရုဓမ္မ(ဂုရုဓမ္မ)အခါတော်နေ့ဟု ခေါ်ဝေါ်ခဲ့ခြင်းဖြစ်ပါသည်။

ဂုရုဓမ္မသည် သူတစ်ပါးအသက်ကိုသတ်ခြင်း၊ သူတစ်ပါးပစ္စည်းဓိုးယူခြင်း၊ မဟုတ်မမှန်သောစကားကို ပြောဆိုခြင်း၊ သူတစ်ပါးသားမယားပြစ်မှားခြင်း၊ အရက်သေစာ မူးယစ်ဆေးဝါးသုံးစွဲခြင်းတို့ကို အထူးရှောင်ကြဉ်ဆောက်တည်ရသော ငါးပါးသီလတရားဖြစ်သည်

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်ပြည်သူများအနေဖြင့် တော်သလင်းလပြည့် ကုရုဓမ္မ(ဂုရုဓမ္မ)အခါတော်နေ့ အခါသမယတွင် ငါးပါးသီလစောင့်ထိန်းခြင်း ပြုလုပ်ဆောင်ရွက်ကြ

လေ့သဘင်ပွဲတော်

တော်သလင်းလ၏ မြန်မာ့ရိုးရာဓလေ့အစဉ်အလာရာသီပွဲတော်မှာ လေ့ပြိုင်ပွဲဖြစ်သည်။ လေ့သဘင်ပွဲတော်ကို မြန်မာမင်းများ နှစ်သက်မြတ်နိုးကြသည်။ ဘုရင်ကိုယ်တိုင်ဦးဆောင်၍ ကျင်းပကြသည်။ ရှေးယခင်တုန်းက လေ့ပြိုင်ပွဲများ (လေ့သဘင်ပွဲတော်)ကို ဘုရင် မင်းမြတ်ကိုယ်တိုင် ကြွရောက်ရှုစား အားပေးတော်မူလေ့ရှိသည်။ လေ့လော်သားတို့ကို ဆုတော်လာတော်များ ချီးမြှောက်ခြင်းပြုကြသည်။ ဘုရင်ကိုယ်တော်တိုင် ဆုချီးမြှင့်သည့် ပွဲတော်ဖြစ်သည်။ ခမ်းနားကြီးကျယ်စည်ကားသိုက်မြိုက်စွာ ကျင်းပသည့်ပွဲတော်ကြီးသည်။

ရှေးခေတ်ကာလများတွင် တော်သလင်းလ လေ့သဘင်ပွဲများကို ကြီးကျယ်ခမ်းနားစွာပြုလုပ်ကျင်းပခဲ့ကြသော်လည်း ယခုအချိန်ကာလတွင် နေရာဒေသအချို့၌သာ လေ့ပြိုင်ပွဲများကို ကျင်းပခြင်းပြုကြသည်။ တော်သလင်းလတွင် လေ့ပြိုင်ပွဲများကို ကျင်းပခြင်းဖြင့် တော်သလင်းလ လေ့ပြိုင်ပွဲဆိုသည့် မြန်မာ့ရိုးရာ ရာသီဓလေ့ပွဲတော်တစ်ခု ဆက်လက်တည်တံ့နိုင်ရန် ရေးသားဖော်ပြလိုက်ရပါသည်။ ။



လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ ပြည်သူ့စကားပိုင်းကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူပေါင်းကျင်းပသော "ဒေသဖွံ့ဖြိုးရေး" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားပိုင်းကို ယနေ့မွန်းလွဲပိုင်းက လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အမှတ်(၁၄)ရပ်ကွက် မမူပါလမ္ဘာရုံ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်ဇော်က ပြည်သူ့စကားပိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်သူ့စကားပိုင်းတွင် တိုင်းဒေသကြီး လွတ်တော်ကိုယ်စားလှယ်က လွတ်တော်ဆိုင်ရာ သိမှတ်ဖွယ်ရာများနှင့် မဏ္ဍိုင်(၃)ရပ်အကြောင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ဒေသဖွံ့ဖြိုးရေး၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာစန်းမာက ဒေသဆိုင်ရာကျန်းမာရေး၊ မြို့နယ်ပညာရေးမှူးက ပညာရေး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အုပ်ချုပ်ရေးမှူးက စည်ပင်သာယာရေး၊ မြို့နယ်သမဝါယမဦးစီးအရာရှိက သမဝါယမ၏ လုပ်ဆောင်ချက်များ စသည်တို့နှင့်ပတ်သက်၍ ဆွေးနွေးကြပြီး တက်ရောက်လာကြသည့်ပြည်သူများက သိရှိလိုသည်များကို မေးမြန်းကာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

(၈၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲ စာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည် ဖြစ်ပါသည်။

၂။ ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့် အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကိုဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေး ရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်မီပြည့်တိုင်းပြည်တာဝန်ကိုကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံ ပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ

(က) မြန်မာဂန္ဓဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးဆုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရုပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက် မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးဆုံးဖေစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်စာမျိုးတည့်တွင် စာမျက်နှာတစ်ဖက်တည်း ၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု	၁,၀၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု	၈၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု	၇၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု	၆၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု	၅၀၀,၀၀၀ ကျပ်

၁၂။ ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု	၅၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀ ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀ ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀ ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀ ကျပ်

၁၃။ ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု	၅၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀ ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀ ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀ ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀ ကျပ်

၁၄။ ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု	၅၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀ ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀ ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀ ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀ ကျပ်

၁၅။ ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု	၅၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀ ကျပ်

၁၆။ ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု	၅၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀ ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀ ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀ ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀ ကျပ်

၁၇။ ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု	၁,၀၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု	၇၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု	၆၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု	၅၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု	၄၀၀,၀၀၀ ကျပ်

၁၈။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပရေးကော်မတီ

ကျောင်းကုန်းမြို့၌ ကုန်ထုတ်လမ်းနှင့် ရေပေးရေးလုပ်ငန်း ကွင်းဆင်းစစ်ဆေး



ကျောင်းကုန်း စက်တင်ဘာ ၂၂

ဝန်ကာ၏ အောက်ခံမြစ်ကျိုးအင်း သဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်မှကျမှုဖြစ်ပွားပြီး ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ် ဇရပ်ကွင်းကျေးရွာအုပ်စု ဆူးပဒေါင်းကွင်းကျေးရွာ ကုန်ထုတ်လမ်းရေကျော်နေမှု၊ လမ်းပျက်စီးမှု အခြေအနေကို တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးနေထက်ရိုန်၊ ကျုံပျော်ခရိုင် ဦးစီးမှူး ဦးတင်မောင်ဌေးနှင့် မြို့နယ်ဦးစီးမှူး ဒေါ်ဝါဝါမြတ်မွန်တို့က ယနေ့ နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျေးနှစ်မြို့ပ်ကျေးရွာဖြစ်သော ကျောင်းကုန်းမြို့နယ် မကျီးပင်ကွင်းအုပ်စု သရက်တောကျေးရွာ ဌာနစက်ရေတွင်းတွင်းဆေး၊ တွင်းမှုတ်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် အင်ဂျင်ကွန်ပရက်ဆာ ပြင်ဆင်ဆောင်ရွက်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)


တင့်တင့် တယ်တယ်
တေးဒီတ ချော်ငြေ့ဦး
မြန်မာ့အသံတေးဂီတ
FRIDAY NIGHT
Live Show
ပိုးသောကြာ ပြည့်ဟိန်းသူ
အေးမြဖြူ ရဲရင့်ဝေလွင် နှင်းဝတ်ရည်(အိပ်မက်ဆုံရာ) ချိုမိမိဇော် ချောစုသံစဉ်
MRTV HD
LIVE ON
၂၅-၉-၂၀၂၆ (သောကြာနေ့)
ည (၉) နာရီ
REPLAY
၂၇-၉-၂၀၂၆ (တနင်္ဂနွေနေ့)
နံနက် (၁၀:၃၀) နာရီ

အာရှအားကစားပြိုင်ပွဲ eFootball ပြိုင်ပွဲတွင် မြန်မာအသင်း အုပ်စုအဆင့်မှ ထွက်ရ

ရန်ကုန် စက်တင်ဘာ ၂၂

ဂျပန်နိုင်ငံ၌ ကျင်းပလျက်ရှိသည့် အကြိမ် (၂၀) မြောက် အာရှအားကစားပြိုင်ပွဲ၏ Esports အားကစားနည်း eFootball ပြိုင်ပွဲ အုပ်စုပွဲများကို စက်တင်ဘာ ၂၂ ရက်က ကျင်းပရာ မြန်မာအသင်း အုပ်စုမှ ထွက်ခဲ့ရသည်။

ယင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် Team Zanaka အသင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အုပ်စုအဆင့်တွင် ဂျော်ဒန်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ကာ ဘာရိန်း အသင်းနှင့် တစ်ဂိုးစီသရေကျခဲ့သဖြင့် အုပ်စုအဆင့်မှ ထွက်ခဲ့ ရခြင်းဖြစ်သည်။ အာရှအားကစားပြိုင်ပွဲ Esports ပြိုင်ပွဲကို အောက်တိုဘာ ၂ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံကိုယ်စားပြု Team Zanaka အသင်းသည် Honor of Kings ပြိုင်ပွဲ၊ PUBG Mobile ပြိုင်ပွဲ၊ Mobile Legends: Bang Bang ပြိုင်ပွဲတို့တွင် ဆက်လက်ယှဉ်ပြိုင် မည်ဖြစ်သည်။

သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MESF



မိုးကောင်းမြို့၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းဖွင့်လှစ်

မိုးကောင်း စက်တင်ဘာ ၂၂

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ဥပဒေရုံးက ကြီးမှူးဖွင့်လှစ်သော ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ် သင်တန်း (TOT) သင်တန်းဆင်း ရပ်ကွက် အုပ်ချုပ်ရေးမှူးများက မိုးကောင်းမြို့နယ်ဥပဒေရုံးနှင့် ပူးပေါင်း၍ မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ဥပဒေအသိပညာ ပြန့်ပွားရေး ဆင့်ပွားသင်တန်းကို စက်တင်ဘာ ၁၉ ရက်က ကျင်းပသည်။

သင်တန်းတွင် ရပ်ကွက်အုပ်ချုပ်ရေး မှူးများက ယစ်မျိုးစီမံခန့်ခွဲရေးဥပဒေ၊ ရပ်ကွက်(သို့မဟုတ်)ကျေးရွာ အုပ်ချုပ်ရေးဥပဒေ၊ လောင်းကစားဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ၊ ရာဇသတ်ကြီး၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေ စသည်တို့ကို သင်ကြားပို့ချခဲ့ကြောင်း သိရသည်။ **သန်းလွင်ဦး(ပြန်/ဆက်)**

✻ M-League မှ

YUSC ကွင်း၌ ကျင်းပသည့် ပွဲတွင် ရန်ကုန်စီးတီးအသင်းက သစ္စာအားမာန် အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ သည်။ ရန်ကုန်စီးတီးအသင်းသည် နာကျင် အချိန်ပိုတွင် သွင်းယူသည့် တစ်လုံးတည်း သောဂိုးဖြင့် အမှတ်ပြည့်ရယူနိုင်ခဲ့သည်။ ရန်ကုန်စီးတီးအသင်းသည် ခုနစ်ပွဲမြောက် နိုင်ပွဲရယူနိုင်ခဲ့ပြီး ထိပ်ဆုံးငါးသင်းစာရင်းဝင် ရန် ကြိုးပမ်းနေသည့် သစ္စာအားမာန်အသင်း အတွက် နစ်နာသည့်ရှုံးပွဲတစ်ပွဲဖြစ်ခဲ့သည်။ ရန်ကုန်စီးတီးအသင်းအတွက် အနိုင်ဂိုးကို ၉၀+၄ မိနစ်တွင် မင်းဘုန်းခန့်က သွင်းယူသည်။

ဗဟန်းမြက်ခင်းတုကွင်း၌ ရှမ်းယူနိုက်တက် အသင်းက ဟံသာဝတီယူနိုက်တက်အသင်း ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ရှမ်းယူနိုက်တက်အသင်းသည် ဒုတိယပိုင်း သွင်းဂိုးများဖြင့် အနိုင်ရခဲ့ပြီး ထိပ်ဆုံးသုံးသင်း စာရင်းဝင်ရန် မျှော်လင့်ချက်ရှိလာသည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုး များကို ၄၈ မိနစ်တွင် မျိုးမင်းခန့်၊ ၆၆ မိနစ် တွင် ဝေလျှံရှိုင်းတို့က သွင်းယူခဲ့သည်။

ပွဲစဉ် (၁၆) ဒုတိယနေ့ကို စက်တင်ဘာ ၂၃ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ဗဟန်းကွင်း၌ ရတနာပုံအသင်းနှင့် မြဝတီအသင်း၊ YUSC ကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် Galaxy အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-ML

❍ ၂၀၂၆ မှ

အားကစားဥယျာဉ်ကွင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်း နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ကိုးသိန်းအားကစားကွင်းတို့၌ ဇုန်လေးဇုန် ခွဲ၍ ကျင်းပသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် U-19 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစား နေမှုများကို သက်ဆိုင်ရာ ဇုန်များအလိုက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ မှတာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပြိုင်ပွဲကျင်းပ ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ အားကစား ဝါသနာရှင်များ တစ်ခဲနက် လာရောက်ကြည့်ရှု အားပေးသည်။

ယနေ့ "၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U-19 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ" အုပ်စုပတ်လည် နောက်ဆုံးအဆင့်ပွဲစဉ်များ အဖြစ် ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင် အားကစားကွင်း၌ ကယားပြည်နယ်အသင်း နှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မန္တလေးတိုင်းဒေသကြီး အသင်းက ကယားပြည်နယ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ပဲခူး တိုင်းဒေသကြီး ပဲခူးမြို့ရှိ အားကစားဥယျာဉ် ကွင်း၌ ပြည်ထောင်စုနယ်မြေ နေပြည်တော် အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ရခိုင်ပြည်နယ် အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ် အားကစားကွင်း၌ စစ်ကိုင်းတိုင်းဒေသကြီး အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကချင်ပြည်နယ်အသင်း က စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ခြောက်ဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း၊ ဧရာဝတီ တိုင်းဒေသကြီး ပုသိမ်မြို့ရှိ ကိုးသိန်း အားကစားကွင်း၌ မွန်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင် ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ် ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၃ ရက် မွန်းလွဲ ၃ နာရီမှစတင်၍ "၂၀၂၆ ခုနှစ် တိုင်းဒေသကြီး နှင့်ပြည်နယ် U-19 (အမျိုးသမီး) ဘောလုံး ပြိုင်ပွဲ" အုပ်စုပတ်လည်နောက်ဆုံးအဆင့် ပွဲစဉ်များအဖြစ် ဘားအံမြို့ရှိ ဇွဲကပင် အားကစားကွင်း၌ အိမ်ရှင် ကရင်ပြည်နယ် အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီး အသင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်း၌ အိမ်ရှင် ရှမ်းပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီး အသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ် ၍ အားကစားဝါသနာရှင် မိဘပြည်သူများ အနေဖြင့် မည်သူမဆို "အခမဲ့" လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

ပတ်စ်ပို့ ပျောက်ဆုံးကြောင်း

သထုံမြို့နယ်၊ ထောင်မှူးကျေးရွာ အုပ်စု၊ တံတားဦးကျေးရွာ၊ ရွာလမ်းနေ ဦးသန်းထွန်း၏ သမီးဖြစ်သူ မိသူဇာ[၁၀/သထန(နိုင်)၂၉၃၆၄၀]၏ နိုင်ငံကူး လက်မှတ်နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်-

ဖုန်း-09-690615543

မိခင်အမည်မှန်

၂၀၂၆-၂၀၂၇ ပညာသင်နှစ် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သဇင်ကိုယ်ပိုင်အထက် တန်းကျောင်း Grade -12 တွင် ပညာ သင်ကြားနေသော မောင်ဇင်မင်းထက် ၏ မိခင်အမည်မှန်မှာ ဒေါ်အိဖြူဇင် [၇/ပမန(နိုင်)၁၄၇၃၁၇] ဖြစ်ပါကြောင်း။

ဒေါ်အိဖြူဇင်

ဖခင်အမည်မှန်

၂၀၂၆-၂၀၂၇ ပညာသင်နှစ် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သဇင်ကိုယ်ပိုင်အထက် တန်းကျောင်း Grade -12 တွင် ပညာ သင်ကြားနေသော မစုဇာခြည် ၏ ဖခင်အမည်မှန်မှာ ဦးတင်လွန်း[၁၃/ပလန(နိုင်)၁၀၄၁၉၅]ဖြစ်ပါကြောင်း။

ဦးတင်လွန်း

မိခင်အမည်မှန်

ဒေးဒရဲ မြို့နယ်၊ အထက(၁)စက်စိုက်မွေး ကျောင်း Grade-8မှ မောင်သုတစံ၏ မိခင်အမည် မှန်မှာ ဒေါ်ဖြူသဲဖြစ်ပါ ကြောင်း။

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ အထက(၃) G-12 A မှ မောင်ဝေယံထွန်း၏ ဖခင် အမည်မှန်မှာ ဦးမြတ်မင်း ထွန်း [၅/ဘတလ(နိုင်) ၀၅၅၈၆၉]ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ အ.ထ.က(၁)၊ အခြေခံပညာ အထက်တန်းကျောင်း၊ G-8 တွင် ပညာသင်ကြားနေသော မသက်ဖူး လှိုင်၏ ဖခင်အမည်မှန်မှာ ဦးစိုးသူ [၁၄/မအပ(နိုင်)၁၈၀၀၃၅]ဖြစ်ပါ ကြောင်း။

အမည်မှန်

နောင်ချိမြို့ အထက-၁ Grade-5 မှ အဖဦးဇော်ဝင်း ထွန်း [၁၁/မဥန(နိုင်) ၀၆၇၃၆၀]၏ သမီး အမည် မှန်မှာ မရွှေမှုံရတီဖြစ်ပါ ကြောင်း။

မရွှေမှုံရတီ

ဖခင်အမည်မှန်

နောင်ချိမြို့နယ် အထက (ခွဲ)ဒိုးပင် Grade-4 မှ မောင်မျိုးမြတ်လင်း၏ ဖခင် အမည်မှန်မှာ ဦးမျိုးမြင့်[၁၃/နခတ(နိုင်)၁၂၃၀၀၁]ဖြစ်ပါ ကြောင်း။

ဦးမျိုးမြင့်

အမည်မှန်

မြန်အောင်မြို့၊ အ.မ.က၊ တာကြီးတန်း၊ Grade-5မှ အဖ ဦးကျော်စိုးနိုင် ၏ သမီး ကျောင်းဝင်အမှတ် (၀၄၀၁/၂၂) မသျှင်းရတီစံ ၏ အမည်မှန်မှာ မသျှင်းရတီချယ် ဖြစ်ပါကြောင်း။

မသျှင်းရတီချယ်

အမည်မှန်

ကန်ကြီးထောင့်မြို့နယ်၊ အ.ထ.က(ခွဲ)ကုန်းစုသစ်၊ Grade-12မှ (ဘ) ဦးမျိုးနိုင်၏ သား မောင်စည်သူမောင်၏ အမည်မှန် မှာ မောင်ခန့်စည်သူမောင်[၁၄/ကကထ(နိုင်)၂၄၀၉၆၂] ဖြစ်ပါကြောင်း။

မောင်ခန့်စည်သူမောင်

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ အထက(ခွဲ)နန္ဒဝန် G-12 မှ မောင်စွမ်းပြည့်ထက် အောင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဆွေ [၅/မရန(နိုင်) ၂၄၂၆၆၇]ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ အထက(ခွဲ)နန္ဒဝန် G-12 မှ မမေမြတ်နိုးခန့်၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင် [၅/မရန (နိုင်) ၀၅၀၆၂၇] ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၃)လမ်း၊ အမှတ်-၇၉၁၊ ၂-ခန်းတွဲ (၆)ထပ်တိုက်၏ ၄-လွှာ(ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၂ ၃/၂ x ၅၀)ပေရှိ ရေမီးစုံအပါအဝင် တိုက်ခန်းနှင့် အကျိုးခံစားခွင့်များအားလုံးကို ရောင်းသူ ဒေါ်စန်းစန်းအေး[၁၂/မရက(နိုင်)၀၄၉၈၆၂]က မူလပိုင်ရှင် ကန်ထရိုက် တာ ဦးဝင်းမြင့်ခိုင်[၉/သစန(နိုင်)၀၉၃၅၅၆]ထံမှ (၂၇-၁၀-၂၀၂၅) ရက်စွဲပါ စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထားပြီး ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့် အပြည့်အဝရှိကြောင်း၊ အရှုပ်အရှင်းလုံးဝကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းခဲ့သဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စီစီမွန်းဂျန်[၁၃/လရန (နိုင်)၁၇၇၅၀၉]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများအနက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ် ကို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင် ကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်သူ၏ ညွှန်ကြားချက်ဖြင့်-
ဒေါ်မရန်ဂျာဆိုင်း LL.B, D.B.L, D.I.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၉၅၅)
အမှတ်-၅၆၁၊ ပထမထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၇၅၁၃၄

ပြင်ဆင်ဖတ်ရှုပါရန်

(၈-၉-၂၀၂၆) ရက်နေ့ထုတ် ကြေးမုံသတင်းစာ၏ စာမျက်နှာ(၂၄) ပါ ဒေါ်မရစ်(ပ်)ဘောက်ဂျာ(အထက် တန်းရှေ့နေ)မှ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်းတွင် ဒေါ်နိုင်နိုင်လွင်၏ မှတ်ပုံတင်အမှတ်[၁၂/ကမရ(နိုင်) ၀၄၁၁၀၃]အစား [၁၂/ကမရ(နိုင်) ၀၄၁၁၀၂]ဟု ပြင်ဆင်ဖတ်ရှုပါရန်။

မိခင်တစ်ဦးတည်း ဖြစ်ပါကြောင်း

ဇလွန်မြို့နယ်၊ တောင်ပို့တရာ ကျေးရွာ၊ အ.ထ.က(ခွဲ) G-12မှ မထက်ထက်ဝင်း[၁၄/ဇလန(နိုင်) ၂၀၄၂၅၅]၏ မိခင် ဒေါ်ချို(ခ)ဒေါ်မချို [၁၄/ဇလန(နိုင်)၁၈၂၀၁၃]မှာ တစ်ဦး တည်းဖြစ်ပါကြောင်း။

ဒေါ်ချို(ခ)ဒေါ်မချို

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၅ရပ်ကွက်၊ အကွက်အမှတ်(က-၅)၊ ဦးပိုင်အမှတ်(၃၅)၊ ၆၉x၇၀ကြား၊ ၁၁၁x၁၁၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ဦးဝမ်ချော်ဖန်၊ ဦးဝမ်ပန်းယု ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၈၆၀/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဖြူသင်းမွန် [၉/ပသက(နိုင်)၀၉၉၈၉၃]က အမှုတွဲအမှတ်(၂၅၃၆/၂၀၂၆-၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

အားကစားမြှင့်တင် စိတ်လန်းရှင် ဆန့်ကျင်မူးယစ်ဆေး

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်ဆိပ်ဓိရာ စီမံကိန်းအတွင်းရှိ City Loft ၊ တိုက်အမှတ် (CL-4)၊ အခန်းအမှတ် (107)၊ တိုက်ခန်းအမျိုးအစား (3 Bedroom)၊ ခန်မှန်းကြမ်းဧရိယာ ၎၅၀ စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျုံးဝင်စားနွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဦးတင်မောင်ဝင်း [၁/သလန(နိုင်) ၀၈၄၁၀၁၄၂၄ ဖွင့်ဟထန်ခံ၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်မှလည်း အပြီးအပြတ် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မေဖူဇ် [၁/ဗဟန (နိုင်) ၀၉၃၆၄၈]
ဖုန်း– ၀၉-၇၆၃၀၂၆၄၄၇

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

